# မင်းလုပ်သမျှကျေနပ်တယ်

ဒါရိုက်တာ – မီးပွား
ဇာတ်ဆောင်များ – ကျော်ဟိန်း ( လှတန် )
– မြတ်ကေသီအောင် ( ပုံ့ပုံ့ )
– ဇော်ဦး ( ကိုတူး )

လှတန် ။ ။ " ဟလို….ပြောပါ "
" အင်း….လှတန်ပါ….ဘယ်သူလဲ "
" ဩော် ကိုပီတာ အသံမမှတ်မိလို့ "
" အင်း….ပြောပါ အခုချက်ချင်းလာလို့မရလို့ "
" ကျွန်တော်အခုဘဲ ကိုစိန်ဝင်းတို့ရှူးရိန်အဖွဲ့ဝင်ဖို့ပြောထားတာ "
" ရေတောင်မချိုးရသေးဘူး၊ အဲတာတွေကို ခင်ဗျားဘဲကြည့်လုပ်လိုက်ဗျာ "
" ဩော်….အသစ်လဲဆိုလည်းလဲပေါ့ "
" ကျွန်တော်တို့ ဒီဟိုတယ်က အခုမှ အသစ်စဖွင့်တာ။
နာမည်ပျက်လို့မဖြစ်ဘူးလေ "
" ဩော်….ဒေါ်လာနဲ့ဆိုလည်းဒေါ်လာနဲ့ပေါ့ "
" အဲတာတွေကို ကျွန်တော့်တာဝန်ထားလိုက် "
" ကျွန်တော်ကြည့်လုပ်လိုက်မယ်နော် "
" ခင်ဗျားတာဝန်ကအသစ်ရအောင်ရှာ "
" ဖောရိန်းဂျာစီများများလာဖို့အရေးကြီးတယ် "
" လိုအပ်ရင်ခရီးထွက်ရမယ်နော် "
" ကျွန်တော်မှန်းထားတာက အခုချိန်ကနေနောက်ရှစ်လကြာလို့ရှိရင်
နောက်ထပ်ဟိုတယ် တခုကို ဆောက်နိုင်ဖို့ဘဲ "
" ဟုတ်ပြီနော်….အိုကေ အိုကေ ဟဲ….ဟဲ….ဒါဘဲ….ဒါဘဲ "
စိန်အုန်း ။ ။ " ဆရာ….အောက်ဘက်မှာ မော်လမြိုင်ကနဲ့
ဝမ်းတွင်းကမန်နေဂျာရောက်နေတယ် "
လှတန် ။ ။ " အေး….အေး "
စိန်အုန်း ။ ။ " ဆရာ….နောက်ထပ်အမျိုးသမီးနှစ်ယောက်ယောက်နေတယ် "
လှတန် ။ ။ " ဘယ်ကလဲ "
စိန်အုန်း ။ ။ " တယောက်က ဟိုတနေ့ညက ဆရာနဲ့ပါလာတဲ့တယောက် "
လှတန် ။ ။ " မင်းကလည်းတိုးတိုးပြောစမ်းပါ "
စိန်အုန်း ။ ။ " နောက်ထပ်တယောက်ကတော့ကျွန်တော်မသိဘူး….ဆရာ "
လှတန် ။ ။ " အေး….အေး လာခဲ့မယ် လာခဲ့မယ် "

မိန်းမ ။ ။ “ ဒီအတိုင်းဆိုရင်အဆင်ပြေပြပ့်မလားကွာ ”
မိန်းမ ။ ။ “ အဆင်မပြေရင်ဒုက္ခဘဲ ”
မိန်းမ ။ ။ “ အဆင်ပြေပါတယ် ”
မိန်းမ ။ ။ “ ဟိုတနေ့ညက သူ့ကိုထိုးပေးထားတာဘဲ ”
မိန်းမ ။ ။ “
ဒါပေမယ့်သူကကျားကြီးနော်….တကောင်ကျွဲကလေးကောင်ကိုစားထားတယ်..ဟင်း ဟင်း
ဟင်း ”
လှတန် ။ ။ “ စိန်အုန်းရေ ဘာမှမရောနဲ့ ”
စိန်အုန်း ။ ။ “ ဟုတ်ကဲ့ဆရာ ဟုတ်ကဲ့ ”
လှတန် ။ ။ “ စက္ကူရန်…အဲ….နေအုန်း နေအုန်း တယောက်ချင်းပြောလေ….ကဲ
ခင်ဗျားအရင်စပြော ”
ယောက်ျား ။ ။ “ ဆရာ ”
လှတန် ။ ။ “ အင် ”
ကျား ။ ။ “ ကျွန်တော်အလုပ်သမားဆယ်ယောက်ခန့်ထားပါတယ်ဆရာ ”
လှတန် ။ ။ “ ဘာဖြစ်လို့လဲ ”
ကျား ။ ။ “ ဒီလိုပါဆရာ….ဒူးရင်းသီးက
မနှစ်ကထက်ဒီနှစ်ပိုသီးတယ်ဆရာ….လက်ရှိအင်အားနဲ့
မမျှဘူးဆရာ ”
လှတန် ။ ။ “ မျှအောင်လုပ်လို့မရဘူးလား ရှိတဲ့လူနဲ့ ”
ကျား ။ ။ “ မရလို့ပါဆရာ ”
“ သီးခြားတခြံချင်း အထွက်နှုန်းကိုလည်း
ကျွန်တော်စာရင်းပြုစုခိုင်းထားပါတယ် ဆရာ ”
လှတန် ။ ။ “
ဆယ်ယောက်ငှားတာတော့ဟုတ်ပြီ….အဲဒီဆယ်ယောက်ငှားလို့ကုန်သွားတဲ့ငွေနဲ့ ဟိုကငွေ
နဲ့ကိုက်ပါ့မလား ”
ကျား ။ ။ “ ကိုက်ပါတယ်ဆရာ အမြတ်ပိုရပါ့မယ် ”
လှတန် ။ ။ “ သေချာလား မြတ်ဘို့သေချာလား….ကျုပ်ကမြတ်မှကြိုက်တာ ”
ကျား ။ ။ “ အဲဒီတော့ကျွန်တော်ကခြံကိုမွမ်းမံဘို့ငွေသုံးသောင်းထုတ်သွားပါရစေဆရာ
”
လှတန် ။ ။ “ ဩော်….ငွေသုံးသောင်းပေးလိုက် ”
စိန်အုန်း ။ ။ “ ဟုတ်ကဲ့ဆရာ မန္တလေးကတဲ့ ”
လှတန် ။ ။ “ ဩော်….အေး….ဟဲလို ဘယ်သူလဲ ”
“ ဟာ
မရဘူး….မရတဲ့စကားကိုင့်ဘာလို့လာပြောတုန်း….မရရအောင်လုပ်ပေါ့ကွ ”

" ပခုက္ကူမှ မရှိရင်းမင်ဒီလိုလုပ်....ပဲရူးဆင်းခဲ့ကွာ "
" အေး....ငါ ဦးတင်ရွှေဆီဖုန်းဆက်ထားလိုက်မယ် "
" ဦးတင်ရွှေဆေးရိုးစက်ရုံမှာရှိတဲ့ဟာတွေအကုန်လုံး
ငါဝယ်မယ်လို့ပြောလိုက်....ငါဒီက
လည်းဖုန်းဆက်လိုက်မယ်....ဘယ့်သူ့မှမရောင်းနဲ့လို့ "
" ဟာ ဈေးကမင်းညှိပေါ့....ဒါလေး မင်းသင်နေရအုံးမှာလား....အေး ဒါဘဲ "
ကျား ။ ။ " ဆရာအမြတ်ခွန်ကိစ္စ "
လှတန် ။ ။ " အမြတ်ခွန်ကိစ္စ ကျုပ်ဘာလုပ်တတ်မှာလဲ....အေးသန်းကိုပြောပါလား "
" အေးသန်း စာရင်းကိုင်ဥစ္စာ ဘယ့်နှယ်လာပြောနေတာတုန်း "
ကျား ။ ။ " ဆရာ....အေးသန်းအလုပ်ထွက်သွားပြီ "
လှတန် ။ ။ " ဟင် ဘာလို့တုန်း "
ကျား ။ ။ " ကြယ်တံခွန်ရက်ကန်းရုံကအေးသန်းကိုလစာပိုပေးပြီးတော့
ဦးစန္ဒာကလာခေါ်သွားတယ် "
" ငွေနဲ့ပေါက်တာပေါ့ဆရာ "
လှတန် ။ ။ " ဘယ်လောက်ပေးလဲ သူက "
ကျား ။ ။ " အဲ နှစ်ထောင်ဆိုလားဘဲ "
လှတန် ။ ။ " လေးထောင်ပေးမယ်ပြန်ခေါ်လိုက် "
ကျား ။ ။ " မဖြစ်နိုင်ဘူးဆရာ "
လှတန် ။ ။ " ဟင် "
ကျား ။ ။ " ဟို ဦးစန္ဒာက အေးသန်းကိုအိမ်မှာ ထားပြီးတော့ဖူးဖူးမှုတ်ထားတာ "
လှတန်။ ။ ။ " မဖြစ်နိုင်တာတွေမရတာတွေ ကျုပ်ကိုမပြောနဲ့....လှတန်ကိုမပြောနဲ့
မကြိုက်ဘူး....လှတန် ဘဝမှာ မဖြစ်နိုင်တာတွေ မရတာတွေ
တခါမှမရှိခဲ့ဘူး....ခင်ဗျားတို့တာဝန်က ကျုပ်လိုချင် တာကိုရအောင်
လုပ်ပေးရမယ့်တာဝန် "
ကျား ။ ။ " ဟုတ်ကဲ့ "
လှတန် ။ ။ " ဒီအေးသန်းက ဒီစာရင်းတခုထဲကိုဘဲ
နိုင်တာမဟုတ်ဘူး....သူကအပေါင်းအသင်းကောင်း
တယ်....အဆက်အသွယ်ကောင်းတယ်....ကျုပ်အတွက်အများကြီးလိုအပ်တယ်....ခင်ဗျား
အစီ
အစဉ်တွေအကုန်ဖျက်လိုက်....ဝမ်းတွင်းကိုရောက်အောင်သွား....အေးသန်းကိုရအောင်ခေ
ါ်လာ ခဲ့ "
ကျား ။ ။ " ခေါ်လာပေးပါ့မယ်ဆရာ "
လှတန် ။ ။ " မဖြစ်နိုင်တာမပြောနဲ့ သွား....အခုလုပ်....အခုလုပ် "
လှတန် ။ ။ " ဘာတုန်း "

မ ။ ။ " ဒါလီပြောထားတဲ့ကိစ္စလေ....မှတ်မိသေးလားကိုကို "
လှတန် ။ ။ " ဘာကိစ္စလဲ "
မ ။ ။ " ကိုကို အရက်မူးတဲ့ညကပေါ့ "
လှတန် ။ ။ " ငါကညတိုင်းအရက်မူးနေတော့ ဘယ်ည ဘယ်မှတ်မိမတုန်း "
မ ။ ။ " ကိုကိုကလည်း အိပ်ရာထဲမှာ တညလုံးပြောထားတာလေ ကိုကိုရဲ့ "
လှတန် ။ ။ " ကဲထားပါတော့ ဘာတုန်း "
မ ။ ။ " ကျန်းမာရေးပညာပေးဘို့ကိစ္စ အဲဒါ ကိုကိုမပါမှ ဖြစ်မယ်နော်....ကိုကိုပါလို့ရှိရင် ဒါလီ တို့အုပ်စု မစားရဘဲနေလိမ့်မယ်ကိုကိုရဲ့.... ကိုကိုက ဘော့စ် ဆိုတော့မပါနဲ့နော် "
လှတန် ။ ။ " ဟာ မပါလို့မဖြစ်ဘူး....ဒီဟာကအမြတ်အများကြီးရမယ့်ကိစ္စဆိုတော့ လျှောက်လွှာတောင် တင်ပြီးပြီ....အမြတ်အများကြီးရမယ့်ကိစ္စကို ငါမလုပ်ရင် ငါညံ့ရာကျမှာပေါ့....ငါရအောင်ဆွဲ မယ် "
မ ။ ။ " ဒီညလေ ဒါလီ ကိုကိုနဲ့.... "
လှတန် ။ ။ " ဟာ မရောနဲ့ မရောနဲ့ ဟား....ဟား အဲတာတခြားစီ....ဒါ ဟိုဟာ ဟိုဟာ ကိစ္စငါဘယ်သူ့ မှ ခွဲမပေးနိုင်ဘူး.... စိန်အုန်းရေ ငါညောင်းတယ်ကွာ....ရေချိုးရအုံးမယ်....ပေးအုံး ငါ့အရက် တခွက် "
မ ။ ။ " ညည်းပြောတော့ ပိုင်တယ်ဆို "
ကိုတူး ။ ။ " ပုံ့ပုံ့ "
ပုံ့ပုံ့ ။ ။ " ဟင် "
ကိုတူး ။ ။ " ကိုယ်တို့နှစ်ယောက်ဆယ်တန်းအောင်ပြီးတော့ တက္ကသိုလ်အတူတူ မတက်ရတာကိုလေ ကိုတူး ရင်ထဲမှာ တကယ်မကောင်းဘူး "
ပုံ့ပုံ့ ။ ။ " ကုသိုလ်ကံပေါ့ ကိုတူးရယ်....ဖေဖေကရုတ်တရက်လေဖြတ်ပြီးအိပ်ရာထဲ လဲသွားတာဆို တော့ ဖေဖေ့ဝေယျာဝစ္စတွေကို ဂရုစိုက်ပြီးပြုစုပေးရအုံးမယ်လေ....မမျှော်လင့်ဘဲ ဖြစ်လာတဲ့ ကံကြမ္မာကို စိတ်ဆင်းရဲနေမယ် ဆိုရင်လည်း ကိုယ့်ကိုကိုယ် ညည်းဆဲ ရုံကလွဲလို့ ဘာမှ အကြောင်း ထူးလာမှာ မဟုတ်ဘူး "
ကိုတူး ။ ။ " ပုံ့ပုံ့ ကိုယ့်အနားမှာမရှိရင် ကိုယ်ပျော်မှာ မဟုတ်ဘူး....ပုံ့ပုံ့ မရှိတဲ့အရပ်မှာကိုယ်နေတတ် မှာမဟုတ်ဘူး....နေ့တိုင်းသတိရပြီးတော့ ကိုယ်လွမ်းနေရမှာ "
ပုံ့ပုံ့ ။ ။ " စိတ်ဖြောင့်ဖြောင့်သွားပါ ကိုတူးရယ်....ပုံ့ပုံ့လည် းကိုတူးနဲ့အတူတူပျော်ခဲ့တဲ့ရက်တွေကို မေ့လို့ရမှာ မဟုတ်ဘူး....ပုံ့ပုံ့လည်းလွမ်းနေမှာ "
ကိုတူး ။ ။ " ပုံ့ပုံ့ "
ပုံ့ပုံ့ ။ ။ " ဟင် "

ကိုတူး ။ ။ “ ကိုယ့်စိတ်ထဲမှာလေးနေသလိုဘဲ....ကိုတူးနဲ့ပုံ့ပုံ့ ရေခြားမြေခြားခွဲရပြီးမှ ပြန်ဆုံတဲ့အခါမှာ ဘဝခြင်းခြားသွားရင်ဆိုတဲ့အတွေးက ကိုယ့်စိတ်ကို ခြောက်နေတယ် ”

ပုံ့ပုံ့ ။ ။ “ အို ကိုတူးကလည်းအလကားမဟုတ်တာတွေ လျှောက်တွေးနေတယ်....ကိုတူးနဲ့ဘယ် လောက်ဝေးဝေး ကိုတူးနားမှာ ပုံ့ပုံ့ရဲ့ကိုယ်စား ပုံ့ပုံ့ကိုယ်ပွား ဓာတ်ပုံလေး ရှိနေမှာပေါ့.... ပုံ့ပုံ့ကိုလွမ်းရင် ပုံပုံ့ဓာတ်ပုံလေးကိုကြည့်အလွမ်းဖြေ....ပုံ့ပုံ့နဲ့အတူတူနေနိုင်အောင်ကြိုးစား နော် ကိုတူး ”

ကိုတူး ။ ။ “ အင် ဒါပေမယ့်ပုံ့ပုံ့ဆီကကတိတခုတော့ကိုယ်ယူသွားချင်တယ် ”

ပုန့်ပုန့် ။ ။ “ ဘယ်လိုကတိမျိုးလည်းကိုတူး ”

ကိုတူး ။ ။ “ ပုံ့ပုံ့တသက်မှာ ကိုတူးကလွဲလို့ ဘယ်သူ့ကိုမှလည်း မချစ်ဘူးဆိုတာရယ် ကိုတူးနဲ့ဘဲ ဘဝ ခရီးကို လက်တွဲလျှောက်မယ်ဆိုတာရယ် ကိုတူးကို ကတိပေးပါလား ”

ပုံ့ပုံ့ ။ ။ “ တယောက်နှလုံးသာ တယောက်သိပြီးသာ းတယောက်ရင်ထဲမှာ တယောက်ရှိပြီးသား ကိုတူးရယ်.....ကတိတွေဘာတွေပေးနေရအုံးမှာလား ”

ကိုတူး ။ ။ “ အားရှိအောင်တော့ကြားချင်သေးတာပေါ့ ”

ပုံ့ပုံ့ ။ ။ “ ကဲ အဲဒါဆိုရင်သေသေချာချာနားထောင် ပုံ့ပုံ့ရဲ့တသက်မှာ ကိုတူးကလွဲလို့ ဘယ်သူ့ကို မှလည်း မချစ်ဘူး....ဘယ်သူ့ကိုမှာလည်းမယူဘူး....ကိုတူးပညာစုံလို့အလုပ်အကိုင်အတည် တကျဖြစ်တဲ့အခါ ပုံ့ပုံ့ကိုတူးကိုဘဲ လက်ထပ်မယ်....ကိုတူးကိုဘဲယူမယ် ကဲကျေနပ်ပြီလား ”

ကိုတူး ။ ။ “ ကိုတူးလေ ပုံ့ပုံ့ကိုသတိရတိုင်း လွမ်းတိုင်း ပုံ့ပုံ့ဆီကိုစာရေးမယ်....ပုံ့ပုံ့ကလည်းကိုတူး ဆီကိုစာပြန်နော် ”

စိန်အုန်း ။ ။ “ ဆရာ ”

လှတန် ။ ။ “ ဘာလဲ ”

စိန်အုန်း ။ ။ “ မင်္ဂလာဆောင်ဖိတ်စာ ”

လှတန် ။ ။ “ ဟာ မင်္ဂလာဆောင်ဖိတ်စာတွေက တစောင်ပြီးတစောင်လာနေတော့တာဘဲ....ဘယ်သူမင်္ဂ လာဆောင်တာလဲ....မောင်ကျော်စွာ+မလှလှမြင့် သြော်....ဦးဝင်းဖေသား ငါလည်းဧည့်ခံပွဲ တွေ မသွားချင်တော့ဘူးကွာ....ဧည့်ခံပွဲတွေမှာ သူများတွေကစုံတွဲစုံတွဲနဲ့ ငါတယောက်ထဲ ငေါင်ငေါင်နဲ့ သူများတွေ ဝိုင်းဝိုင်းဟားတယ်....စိန်အုန်း ”

စိန်အုန်း ။ ။ “ ဗျာ ”

လှတန် ။ ။ “ အဖော်တယောက်တော့လိုပြီကွာ ”

စိန်အုန်း ။ ။ “ အဲဒါကြောင့်ဆရာ့ကိုပြောတာ မိန်းမတယောက်တော့ယူသင့်ပြီလို့ ….မဟုတ်ရင်ဆရာရှာ သမျှ ငွေတွေဟာလေ ရေဖြစ်ကုန်တာဘဲ….အိမ်ထောင်ထိမ်းသိန်းမှုဆိုတာလေ မိန်းမတ ယောက်ရှိမှ ဖြစ်တာဆရာရဲ့ ”

လှတန် ။ ။ “ ငါစဉ်းစားနေပြီ ”

စိန်အုန်း ။ ။ “ ဟင် ဆရာစဉ်းစားနေပြီ….အင် ဆရာစဉ်းစားနေတာဆိုလည်း မိန်းမဆိုတာပျော့ပျော့ ပျောင်းပျောင်း နူးနူးညံ့ညံ့နဲ့ အချစ်အကြောင်းတွေပြောနေမှဖြစ်တာဆရာရဲ့….ဆရာ့လို ကြမ်းကြမ်းတမ်းတမ်းဆို ဖြစ်မှာမဟုတ်ဘူးဆရာရဲ့….ဒီဇိုင်းလေးဘာလေးပြောင်းအုံး ”

လှတန် ။ ။ “ ဟား….ဟား….ဟား….စိန်အုန်းရာ မင်းကလည်းကွာ ရှေးဟောင်းသီအိုရီတွေကိုလုပ် နေ ပြန်ပြီ….မိန်းမတယောက်ကိုချစ်တဲ့အကြောင်းပြောတာဘဲ….ပျော့ပျော့ကြီးတွေမာမာကြီးေ တွ ရှိသေးလို့လား….အရေးကြီးတာ စိတ်မျက်လုံး မျက်လုံးထဲမှာ ချစ်တာတွေပါရင်ပြီးတာဘဲမ ဟုတ်ဘူးလား….မာမာဘဲပြောပြော ပျော့ပျော့ဘဲပြောပြောချစ်နေတာ မျက်လုံးထဲမှာပေါ်ဘို့ အရေးကြီးတယ်….ငါတို့ကတော့ကြမ်းကြမ်းဘဲ….ငါ့အားလုံးအပေါ်မှာသြဇာညောင်းလာ ခဲ့ တာ….ဘယ်သူကလွန်ဆန်နိုင်ခဲ့လို့လဲ ”

စိန်အုန်း ။ ။ “ မတူဘူးဆရာ….ဒါကမိန်းမ သူတို့ကပျော့တယ်….သိမ်မွေ့တယ်….နူးညံ့တယ် ”

လှတန် ။ ။ “ မိန်းမလည်းလူပါဘဲကွာ….ငါကတော့ မိန်းမယူမယ်ဆိုရင် ချစ်မှဘဲယူချင်တယ်….အဲဒီ အချစ်အကြောင်းတွေကို ငါ့ဒီဇိုင်းနဲ့ငါပြောမယ်….မာမာကြီးဘဲပြောမယ်….မာမာကြီးနဲ့ ငါ ရအောင်ပြောမယ်….ကဲ သွားထည့် ”

ကျား ။ ။ “ ဟား….ဟား….ဟား ”

လှတန် ။ ။ “ ဘာတွေသဘောကျလို့ရီနေတာလဲ….နည်းနည်းပါးပါးလည်းဝေပေး ပါအုံး ”

ကျား ။ ။ “ ဒီလိုဗျ….ကိုရွှေဘုန်းကြီးအကြောင်းပြောရင်းကနေ ရီစရာကောင်းလို့ရီနေတာဗျ….ဟား ဟား….ဟား ”

လှတန် ။ ။ “ ဘယ်ကကိုရွှေဘုန်းတုန်း ”

ကျား ။ ။ “ ဘယ်ကကိုရွှေဘုန်း ရှိရမှာလဲ….ခင်ဗျားနဲ့တွဲခဲ့တဲ့ ကိုရွှေဘုန်းလေ….ခင်ဗျားတို့ တေဖော် တေဘက်တွေပါ….နူတ်ခမ်းမွေးနဲ့ ကိုရွှေဘုန်းလေ….မမှတ်မိတော့ဘူးလား ”

လှတန် ။ ။ “ သြော် အဲ….သိပြီ သိပြီ ဟုတ်တာပေါ့ သူနဲ့မတွေ့တာတောင် တော်တော်ကြာပြီ…. ဘာဖြစ်လို့လဲ….သေပြီလား ”

ကျား ။ ။ “ ဟာ ခင်ဗျားကလဲ သေတော့မသေဘူးပေါ့ဗျာ...အဲဒါပေမယ့်
ကျန်းမာရေးတော့မကောင်း ဘူး... စီးပွားရေးတော့
တော်တော်ကျတယ် ....မွေးထားတာကလည်း သမီးလေးနှစ်ယောက်
တယောက်ကစကားမပြောတတ်ဘူး....နားကလည်းမကြားဘူး ”
လှတန် ။ ။ “ ဟာ ဘယ်လိုဖြစ်တာတုန်း ”
ကျား ။ ။ “ တယောက်ကတော်တော်လှတယ်....အရွယ်တောင်ရောက်နေပြီ ”
လှတန် ။ ။ “ ဟုတ်လား ”
ကျား ။ ။ “ အဲဒါ ကျွန်တော်တို့လူပျိုသိုး ကိုလှတန်နဲ့ပေးစားလိုက်ရင်
အဆင်ပြေမှာလို့ပြောပြီးတော့ ဟားနေကြတာ....ဟား....ဟား....ဟား ”
လှတန် ။ ။ “ ခင်ဗျားတို့ကလည်းအေးအေးဆေးဆေးနေပါရစေဗျာ ”
ကျား ။ ။ “ ဟော ဟုတ်တယ် ခင်ဗျားကလည်း ငယ်ငယ်ကပွေခဲ့ရှုပ်ခဲ့တဲ့သူက
သမီးမိန်းကလေးမွေး ထားရင် ဝဋ်လည်တတ်တယ်တဲ့.... သူများနဲ့
ဝဋ်လည်မှာစိုးလို့ ခင်ဗျားနဲ့ ပေးစားမလို့
အဲတာပြောနေတာ....ဟား....ဟား....ဟား ”
လှတန် ။ ။ “ မလုပ်ပါနဲ့ ခင်ဗျားကလည်း
စားစရာရှိတာစားကြ....သောက်စရာရှိတာသောက်ကြ....
ခင်ဗျားကြီးပေါက်ကရတွေ လျှောက်ပြောမနေနဲ့.....အခုဟာက
ရန်ကုန်ကကျွန်တော့မိတ်ဆွေ ဦးသန်းထွန်းလာမှာ....အလုပ်ကိစ္စစကားပြောပြီး
ခင်ဗျားတို့နဲ့ မိတ်ဆက်ပေးမလို့.... အဲတာ ခင်ဗျားတို့ကိုဖိတ်ကျွေးတာ ”
ကျား ။ ။ “ ခင်ဗျားဒီလိုခဏခဏဖိတ်ကျွေးတာကို ကျွန်တော်တို့က
မစားချင်ဘူးဗျ....အဲခင်ဗျားမင်္ဂလာ ဆောင်လို့ကျွေးတဲ့
မင်္ဂလာဦးထမင်းနဲ့ မင်္ဂလာဦးအရက်ကို ကျွန်တော်တို့ကစားချင်သောက်
ချင်တာဗျ ”
မ ။ ။ “ ဦးလှတန် မိန်းမယူဘို့ကောင်းနေပြီ ”
လှတန် ။ ။ “ မယူချင်ပါဘူးဗျာ ”
ကျား ။ ။ “ ဟား....ဟား....ဟား...”
လှတန် ။ ။ “ ဟာ ကိုသန်းထွန်းအေညင်
ခင်ဗျားဘာဖြစ်နေတာလဲဗျာ....ခင်ဗျားကြာလိုက်တာ ”
ကျား ။ ။ “ ဟာ ဒီမှာ မိန်းမလာခါနီးကျမှ
စိတ်ကိုကောက်နေတာ....ကျွန်တော့်မှာချော့လိုက်ရတာ ”
လှတန် ။ ။ “ ကျွန်တော်ကားလွှတ်လိုက်တယ်လေ ”
ကျား ။ ။ “ ခင်ဗျားလွှတ်တဲ့ကားနဲ့ဘဲ လာခဲ့တာ ....အမယ်လေး
လာခါနီးသုံးခါလောက် အင်္ကျီကလဲ
လဲတယ်ဗျာ...ဟိုဟာမကြိုက်ဘူး....ဒီဟာမကြိုက်ဘူးနဲ့ ”

လှတန်	။	။ “ ဒီလောက်တော့ရှိရမှာပေါ့ဗျာ....ခင်ဗျားကိုမိတ်ဆက်ပေးရအုံးမယ်....ဒါ
ရန်ကုန်က ကျွန်	တော့်မိတ်ဆွေ ကိုသန်းထွန်းအောင်တဲ့ ”
ကျား	။	။ “ တွေ့ရတာဝမ်းသာပါတယ် ”
ဇနီး	။	။ “ ဒါကသမီး....ဟာ လုပ်ချလိုက်ပြန်ပြီ ဟာ ဇနီး ”
လှတန်	။	။ “ ဒါကကိုကျော်ကျော် ”
ကျား	။	။ “ တွေ့ရတာဝမ်းသာပါတယ်
လှတန်	။	။ “ ဒီဘက်ကမတန်းကျော်ကျော်....ဟိုဘက်ကကိုဝင်းရဲ့မတန်း ”
ကျား	။	။ “ ခင်ဗျားကသူများတွေကိုဘဲ
မိတ်ဆက်ပေးနေတယ်....ခင်ဗျားကလည်းစုံတွဲနဲ့ မိတ်ဆက်
ပေးနိုင်အောင်လုပ်အုံးလေဗျာ....ဟား ဟား ဟုတ်တယ် ဟုတ်တယ် ”
လှတန်	။	။ “ အောင်မလေး
မိတ်ဆက်ပေးစရာမတန်းမရှိရပါဘူးဗျာ....တယောက်ထဲပါဗျာ ”
လှတန်	။	။ “ ငါ့သူငယ်ချင်းတွေလို
ဒီခုံမှာငါ့ဇနီးလို့ပြောလို့ရတဲ့အမျိုးသမီးတယောက်ရှိရင်သိပ်ကောင်း
မယ် ”
လှတန်	။	။ “ ဟာ ကိုဖုန်းအခြေအနေအခုလိုဆိုးလာတာ
အခုမှဘဲမြင်ရတယ်ဗျာ....ဒီလိုဖြစ်တာဘယ်	လောက်ကြာပြီလဲ ”
ကိုဖုန်း	။	။ “
ရှစ်နှစ်လောက်ရှိပါပြီကွာ....ကုတဲ့နည်းတွေကလည်းစုံနေပြီ....ဒါပေမယ့်မသက်သာပါဘူး”
လှတန်	။	။ “
ဖြစ်စတုန်းကကြားတယ်ဗျ....ဘယ်သူလည်းမသိဘူးပြောတာ....လူကိုမရောက်ဘူး....ဖေဖေ
တို့မေတို့ထားခဲ့တဲ့ မော်လမြိုင်က ဒူးရင်းခြံတွေရှိတယ်မဟုတ်လား....
အဲတာကိုထပ်ပွား	တယ်.... မုဒုံမှာနှစ်ခြံရှိတာဆိုတော့ အဲဒီမှာသွားလုပ်နေတာ
အားလုံးလေးနှစ်လောက်ကြာ	တယ်....ပြီးတော့ မိတ်ဆွေတယောက်နဲ့
ဝမ်းတွင်းမှာလေ အထည်စက်ရုံလုပ်တာ အဲဒီမှာက
ရက်ကန်းရုံခြောက်ဆယ်နှစ်ရုံ....သူက သုံးနှစ်လောက်ကြာတယ်ဆိုတော့ အဲဒီမှာ
အဆက်အ	သွယ်တွေ ပြတ်ကုန်တာ ကိုကြီးဖုန်းရ ”
ကိုဖုန်း	။	။ “ ကိုယ်လည်းလေဖြတ်ပြီးတော့ မသွားနိုင်မလာနိုင်တော့
ဘယ်သူနဲ့ကမှလည်းမတွေ့တော့	ပါဘူးကွာ....စီးပွားရေးကလည်း
ဦးစီးမလုပ်နိုင်တော့ဘူး ”
လှတန်	။	။ “ ကျွန်တော်ကလည်း ဟိုစိုးကရက်လုပ်ငန်းတွေ
လုပ်လိုက်သေးတယ်....အခြေအနေသိပ်မ
ကောင်းဘူး....အဲတာနဲ့ကပြောင်းပြီးတော့
ကိုအုန်းတို့အုပ်စုဗျာ....သူတို့စက်ာပူကအဆက်အ

သွယ်ရှိတယ်ဆိုလို့

သူတို့နဲ့ပေါင်းပြီးတော့ဟိုတယ်လုပ်ငန်းလုပ်တယ်....အခုစမ်းကြည့်တာ

အခြေအနေမဆိုးပါဘူး....အခုလည်းဖော်ရိန်းဂျာစီက တော်တော်များများလာတော့ အခြေအ နေမဆိုးပါဘူး....အခု ဒီအစိုးရက ဈေးကွက်စီးပွားရေးသစ်ကို စလုပ်ပေးတော့ လမ်းပွင့်လာ တော့ ဟိုဟာလုပ် ဒီဟာလုပ်နဲ့ အလုပ်တွေဆက်လုပ်နေတော့ လူကိုမအားတာ ”

မအုန်း ။ ။ “ ကိုဝင်းနဲ့ ကိုသိန်းစိုးတို့ ဆုံကြသေးတယ်ဆို ”

လှတန် ။ ။ “ အင်း မော်လမြိုင်က ကိုသန်းထွန်းအောင်ဆိုတာရောက်လာလို့လေဆုံဖြစ်တာ....ကျွန်တော်

ကအခု သစ်တန် ( ၄၀၀ ) ပါမစ်ရတယ်....အဲတာကို သူကရှယ်ယာပါချင်တယ်ဆိုပြီး ဆုံ ကြတာ....အရင်တုန်းက မိတ်ဆွေတွေအကုန်လုံးဆုံကြတော့ စားကြ၊ သောက်ကြရင်းအဲတာ ကိုကြီးဖုန်းအကြောင်း ပြောဖြစ်တာ....သူတို့လည်း လာမယ်ပြောတာ မလာကြဘူးလား ”

ကိုဖုန်း ။ ။ “

သူတို့လည်းသူတို့အလုပ်နဲ့သူတို့ရှုပ်နေကြတာမလာနိုင်ကြဘူးထင်ပါရဲ့ကွာ....ကိုယ့်ဘဝ

နဲ့ ကိုယ့်အကြောင်း ကံစီမံရာပေါ့ကွာ ”

လှတန် ။ ။ “ ဟား....ဟား ကိုကြီးဖုန်းကလည်း တရားကျတဲ့လေသံတွေ ဘာတွေနဲ့ကပါလာ....ဘာဖြစ် လဲ....ဝေဒနာဖြစ်တာ ဖြစ်ပါစေပေါ့ အခုဝေဒနာသိရင်ဆေးရှိရမယ်....စိတ်ဓာတ်မကျနဲ့....

ကျန်းမာရေးဂရုစိုက်နော်...စိတ်ဓာတ်အရေးအကြီးဆုံးဘဲ.. ဟောဒီမှာ ကိုကြီးဖုန်းကျန်းမာ ရေးအတွက်....သြော် ကိုကြီးဖုန်းကလည်း ယူပါဆို....နောက်လည်း ကျွန်တော်လာနေအုံး မှာဘဲ....အခု ကျွန်တော်ဒီမှာအခြေပြီ....ယူ ဒါကကိုကြီးဖုန်း ကျန်းမာရေးအတွက်ပေးတာ ”

ကိုဖုန်း ။ ။ “ သမီးတို့လားဟေ့ ”

ပုံ့ပုံ့+ဖြူဖြူ ။ ။ “ ဟုတ်ပါတယ်ဖေဖေ ”

ကိုဖုန်း ။ ။ “ ဒါကိုယ့်သမီးနှစ်ယောက်လေ ပုံ့ပုံ့နဲ့ဖြူဖြူတဲ့....ပုံ့ပုံ့က အဝေးသင်တက်နေတယ်....သမီး

တို့မမှတ်မိဘူးထင်တယ်....ဖေ့ဖေ့ရဲ့မိတ်ဆွေ မောင်လှတန်လေ....အရင်တုန်းက ဖေဖေတို့နဲ့

အလုပ်လုပ်ဖော်လုပ်ဘက်ပေါ့....သူကဖေဖေတို့ထဲမှာအသက်အငယ်ဆုံး....ဒါပေမယ့် ဘရိုက် အဖြစ်ဆုံး....ဟိုမှာ သမီးတို့လုပ်စရာရှိတာသွားလုပ်လေ ”

ပုံ့ပုံ့ ။ ။ “ ဟုတ် ”

လှတန် ။ ။ “ ကဲ....ကိုကြီးဖုန်း ကျွန်တော်ပြန်မယ်....မအုန်းလိုတာရှိရင်ပြော ဘာမှအားမနာနဲ့လူရင်း တွေဥစ္စာ နောက်လည်းအေးအေးဆေးဆေး

လာခဲ့ပါအုံးမယ်....လာမယ်....အခုဒီတရက်

နှစ်ရက်ကိုဝမ်းတွင်းသွားဘို့အစီအစဉ်က လုပ်ထားတယ်....မသွားဒဖြစ်လည်းလာခဲ့မယ် ဟုတ်ပြီလား "

မအုန်း ။ ။ " အအေးမသောက်သွားတော့ဘူးလား....သောက်သွားပါအုံး "

လှတန် ။ ။ " ကျန်းမာအောင်ဘဲနေပါ....စိတ်ဘဲအရေးကြီးတာနော်....ကဲသွားအုံးမယ် "

ကိုဖုန်း ။ ။ " ကောင်းပြီ....ကောင်းပြီ "

" ပုံ့ပုံ့ရေ.... "

သတိရခြင်းများစွာ

လွမ်းဆွတ်ခြင်းများစွာနဲ့စာရေးလိုက်တယ်....မိဘတွေနဲ့ခွဲ ချစ်သူနဲ့

ခွဲပြီးတယောက်ထဲနေရတော့မှ အတူနေခဲ့ရတဲ့ကာလလေးတွေကို ပိုလို့တမ်းတနေမိတော့ တယ်....မိုးတွေအရမ်းရွာနေတဲ့နေ့ဆို

ပုံ့ပုံ့ကိုသတိရတယ်....သတိရတဲ့စိတ်နဲ့အတူအ

လွမ်းခါတ်ကလေးကလည်းကိုတူးရင်ထဲကိုအလိုလိုရောက်လာတော့တာဘဲ....တခါလွမ်း တိုင်း ပန်းပွင့်တွေစု တယုတယသိမ်းဆည်းရရင် စကြဝဠာ

တကမ္ဘာလုံးပန်းတွေဖုံးမယ် ဆိုတဲ့

ကိုတူးဖတ်ဘူးတဲ့ကဗျာလေးတပုဒ်ကို ပုံ့ပုံ့နားထောင်ဘို့ရွတ်ပြချင်လိုက်တာ....

ပုံ့ပုံ့လည်း ကိုတူးကို သိတိရနေမှာမဟုတ်လား....လွမ်းရတဲ့ရက်ကလေးတွေ မြန်မြန် ကြွေပါစေလို့ဘဲ နေ့တိုင်းဆုတောင်းနေမိတယ်ပုံ့ပုံ့ရယ်....

ပုံ့ပုံ့ကိုချစ်တဲ့

ကိုတူး

ပုံ့ပုံ့ ။ ။ " ပြီးရင်ပြန်လာခဲ့မယ်လေ....အို

ဒီမှာစာဖတ်နေတယ်....အရမ်းကြီးဘဲ....ဘာလုပ်ရမှာလဲ

အဲဒါကြီးပစ်ရမယ်....မပစ်တတ်ဘူး ထိမှာမဟုတ်ဘူး....ပစ်လိုက်မယ်နော်....ထိမှာမ ဟုတ်ဘူး...."

လေတချက်ကြမ်းရင် သစ်ရွက်ကကြွေ....ကိုယ်တကယ်ကြောက်နေတယ်....

တည်ငြိမ်နေသာကိုယ့်ရဲ့ရင်ကို မစနဲ့ကွာ....ချစ်ဆုံးလေး.... ကိုယ်မနေရဲဘူး

အသက်ရှင်ပြီးတည်ငြိမ်လာစ မနှောင့်ယှက်နဲ့ မစနဲ့ကွာ ချစ်ဆုံးလေး....

လှတန် ။ ။ " ကိုကြီးဖုန်း....ဘာလုပ်နေတာလဲ "

ကိုဖုန်း ။ ။ " ဩော်....သီချင်းတိုက်နေကြတာလေ မွေးနေ့ပွဲမှာ ဆိုကြမလို့တဲ့ "

လှတန် ။ ။ " ဘယ်သူ့မွေးနေ့လဲ....ပုံ့ပုံ့မွေးနေ့လား "

ကိုဖုန်း ။ ။ " ပုံ့ပုံ့မွေးနေ့က လာမဲ့ စက်တင်ဘာ(၂၀)ကြမှ (၁၈)နှစ်ပြည့်မှာ "

လှတန် ။ ။ " စက်တင်ဘာ (၂၀) ဆိုအဝေးကြီးလိုသေးတယ် "

ကိုဖုန်း ။ ။ " မဟုတ်ဘူး....အခုကိစ္စက သူတို့သူငယ်ချင်းတယောက်ရဲ့ မွေးနေ့ပွဲမှာ တီးဝိုင်းတွေ ဘာတွေနဲ့ဆိုကြမလို့တဲ့ "

လှတန်	။	။ “ ကိုကြီးဖုန်း သမီးမိန်းကလေးမွေးထားပြီး
အဲဒီလိုအလိုလိုက်တာတွေမလုပ်နဲ့လေ....
အခုယောကျ်ားလေးတွေတရုန်းရုန်းနဲ့နေသင့်တဲ့အရွယ် ပုံ့ပုံ့ကမဟုတ်တော့ဘူး....ကိုယ်
ကလည်းဒုက္ခိတ၊
မစွမ်းမသန်နဲ့မအုန်းမေကလည်းစားရေး၊သောက်ရေး၊လူမှုရေးကိစ္စတွေ
နဲ့မအားမလပ်....”
ပုံ့ပုံ့	။	။ “ ဟဲ့ ငါတို့စာသားလည်းမရသေးဘူး....အဲဒီတော့ သေသေချာချာ
ပြန်တိုက်မယ် ”
လှတန်	။	။ “ ပုံ့ပုံ့ အိမ်ထဲဝင်....ချာတိတ် မင်းတို့ကိစ္စတွေပြီးပြီလား ”
ကျား	။	။ “ ဟုတ်ကဲ့ ပြီးပါပြီ ”
လှတန်	။	။ “ ပြီးရင်ပြန်တော့ ”
ပုံ့ပုံ့	။	။ “ ဒါပုံ့ပုံ့ သူငယ်ချင်းတွေ ”
လှတန်	။	။ “ မင်းဒီလိုနေတာ ထိုင်တာ
မင်းအဖေလည်းမကြိုက်ဘူး....ငါလည်းမကြိုက်ဘူး ”
ပုံ့ပုံ့	။	။ “ ဦးလှတန်နဲ့ ဘာဆိုင်လို့လဲ....ဘာဖြစ်လို့အမိန့်ပေးတာလဲ ”
လှတန်	။	။ “ ဆိုင်တာတွေ မဆိုင်တာတွေ ငါမသိဘူး....ငါ အမိန့်ပေးတဲ့အလုပ်ကို
တသက်လုံးငါလုပ်	လာတာ....ငါမကြိုက်တဲ့အလုပ်ကို ငါ့ရှေ့မှာရော
ငါ့ကွယ်ရာမှာကော မလုပ်ရဘူး....မင်း
တို့ပြန်တော့လို့ပြောနေ....ပြန်လေ ”
ပုံ့ပုံ့	။	။ “ မိုးအောင်တို့ မပြန်နဲ့ ”
လှတန်	။	။ “ ပြန်....ဘယ်ကိုပြန်တာလဲ....သွားကားမောင်းပြီးပြန်တော့ ”
ပုံ့ပုံ့	။	။ “ ဒါသက်သက်အရှက်ခွဲတာ....ကျွန်မရဲ့အရှက်ကိုခွဲတာ
မတရားဘူး....ရှင်လူကြီးမပီသဘူး
လုံးဝမတရားဘူး....လူငယ်တွေကိုအနိုင်ကျင့်တယ်....လူငယ်တွေကိုချုပ်ချယ်တယ်....ရှင့်
မှာ
စာနာစိတ်လုံးဝမရှိဘူး....ရှင့်မှာအသဲနှလုံးမရှိဘူး....ရှင့်ကိုကျွန်မမုန်းတယ်....သိပ်မုန်းတ
ယ် ”
လှတန်	။	။ “ အဲဒါသိမ်းလိုက်....အရက်သောက်ချင်တယ်....ဟာ တော်
သောက်ခါနီးမှကုန်နေတယ်....စိန်	အုန်း....စိန်အုန်း ”
စိန်အုန်း	။	။ “ ဗျာ....လာပြီဆရာ လာပြီ ”
လှတန်	။	။ “ ဒီမှာကုန်နေပြီ....ငါအရက်သောက်ချင်တယ်....နင်ဝယ်မထားဘူးလား ”
စိန်အုန်း	။	။ “ ဆရာရယ်....ကျွန်တော့်မှာ အိမ်တွင်းမှုလည်းလုပ်ရ
လာတဲ့ဧည့်သည်လည်းလက်ခံရ....ဒီကြား	ထဲ သွားဘို့က
ကားကပျက်နေတော့....”

လှတန်	။	။ “
မင်းဆင်ခြေသိပ်များတယ်....ဒီမျာငါအရက်သောက်ချင်တယ်....အရက်မရှိဘူး....ဘယ်လိုလုပ်
မလဲ ”
စိန်အုန်း	။	။ “ ကျွန်တော်ပြေးဝယ်လိုက်မယ် ”
လှတန်	။	။ “ မင်းပြေးဝယ်တာ
ငါစောင့်နေရမှာလား....ဒီမှာငါသောက်ချင်နေပြီ....ဘာရှိလဲ ”
စိန်အုန်း	။	။ “ ဆရာ အဲဒါဆိုရင်ဟိုလေ ဧည့်သည်တွေလာရင် တိုက်ဘို့အတွက်
အကြီးတလုံးတော့ရှိတယ်	ဆရာ ”
လှတန်	။	။ “ သွားမြန်မြန်သွားယူ....ဖန်ခွက်သွားယူ ”
လှတန်	။	။ “ စိန်အုန်း ”
စိန်အုန်း	။	။ “ ဗျာ ”
လှတန်	။	။ “ မင်း မိန်းမထမီသွားဝတ်စမ်းကွာ ”
စိန်အုန်း	။	။ “ ဗျာ....ဆရာ ”
လှတန်	။	။ “ မိန်းမတွေဝတ်တဲ့ ထမီသွားဝတ်စမ်းလို့ဆို ”
စိန်အုန်း	။	။ “ ဆရာကလည်း ယောကျ်ားတွေဘဲရှိတဲ့အိမ်မှာ ဘယ်လိုလုပ်ထမီရှိရမှာလဲ
ဆရာ ”
လှတန်	။	။ “ မင်းကလည်း
ပတ်ဝန်းကျင်လေ့လာမှုအင်အားနည်းလှချည်လားကွာ....ဟိုတနေ့ညက ဒါလီ
ထမီတထည် ကျန်ခဲ့တယ်....ကုတင်အောက်မှာတွေ့တယ်....အဲတာအမြန်သွားယူလိုက် ”
ကိုတူး	။	။ “ ပုံ့ပုံ့ရဲ့မျက်နှာလေးကို မြင်လိုက်တော့မှဘဲ တနှစ်လုံးလွမ်းခဲ့ရတဲ့
အလွမ်းတွေ ပြေသွား	တော့တယ်....ပုံ့ပုံ့ကော ကိုယ့်ကို
သတိမရဘူးလား....မလွမ်းဘူးလား ဟင် ”
ပုံ့ပုံ့	။	။ “ ကိုတူးလိုဘဲ ခံစားရတာပေါ့....ကိုတူးကျောင်းမြန်မြန်ပိတ်ပါစေလို့ဘဲ
စိတ်ထဲမှာကြိတ်ပြီး
ဆုတောင်းနေရတာ....ကိုတူးရေးလိုက်တဲ့စာတိုင်းကို
လွမ်းလွန်းလို့ဖတ်တာလေ....အကုန်လုံး	အလွတ်ရနေပြီသိလား ”
ကိုတူး	။	။ “ ဟား....ဟား....ဟား အင်း တနှစ်လောက်ခွဲရတဲ့ အချိန်အတွင်းမှာ
ပုံ့ပုံ့စကားတွေ သိပ်တတ်	နေပါလားဟင် ”
ပုံ့ပုံ့	။	။ “
ပုံ့ပုံ့ရင်ထဲမှာရှိတဲ့အတိုင်းပြောတာပါ....ကိုတူးလိုတက္ကသိုလ်မှာပညာတွေသွားသင်ပြီးချွဲတတ်
လာတာ မဟုတ်ပါဘူးနော်....ဒီမှာ ”
ကိုတူး	။	။ “ တော်ပါတော့ပုံ့ပုံ့ရယ်....ငယ်ငယ်တုန်းကလိုဘဲ
ကိုတူးအရှုံးပေးပါတယ်....ဩော်....ပုံ့ပုံ့	စာမေးပွဲဖြေနိုင်လား....
ပုံ့ပုံ့ကိုကိုယ်တခုမေးရအုံးမယ်....ပုံ့ပုံ့တို့အိမ်ကို ဦးလှတန်ဆိုတဲ့

လူကြီးဝင်ထွက်သွားလာနေတယ်ဆို....အဲဒါ ပုံ့ပုံ့တို့နဲ့ဘယ်လိုပတ်သက်သလဲ....ကိုတူး

ကြားရတဲ့သတင်းကတော့အဲဒီလူကြီးဟာ....မိန်းမနဲ့ပတ်သက်လာရင်နာမည်ကောင်းမရှိဘူး"

ပုံ့ပုံ့ ။ ။ "

ဟုတ်တယ်ကိုတူး....ဖေဖေနဲ့လုပ်ဖော်ကိုင်ဘက်သူငယ်ချင်းလို့ပြောတာပါဘဲ...လူငယ်တွေ ကြားလည်းဟိုပါဒီပါနဲ့က ပုံ့ပုံ့တော့ ကြည့်လို့ကိုမရဘူး....ဖေဖေ့ရှေ့မှာမို့ ဟန်ဆောင်ပြီး ဆက်ဆံနေရတာ....ဖေဖေစိတ်မချမ်းမသာဖြစ်မှာ စိုးလို့ပါ "

ကိုတူး ။ ။ " ဘယ်လိုအကြောင်းကြောင့်

ဆက်ဆံရဆက်ဆံရသတိထားပြီးဆက်ဆံပါ....ကိုယ့်အန္တရာယ် ကို

ကိုယ်ကြိုတင်ပြီးကာကွယ်တာ မမှားဘူး....ပုံ့ပုံ့ကိုတော့လေ ယုံကြည်စိတ်ချပါတယ်.... ဒါပေမယ့် ပုံ့ပုံ့နဲ့ အကြာကြီးခွဲမနေချင်တော့ဘူးကွာ "

ပုံ့ပုံ့ ။ ။ " ပုံ့ပုံ့လည်းခွဲမနေနိုင်ပါဘူး....ကိုတူးကလွဲလို့

ဘယ်သူ့ကိုမှမချစ်ဘူး....ဒါပေမယ့် ပညာ ရေးက

တပိုင်းတစနဲ့ကိုတူးကော ပုံ့ပုံ့ကော ဘွဲ့ရရင်ဒီလိုသောကတွေ ကြုံရမှာမဟုတ် ဘူး....အဲဒီတော့ကိုတူးလည်း ကြိုးစား ပုံ့ပုံ့လည်းကြိုးစားမယ်နော် "

ကိုတူး ။ ။ " တက္ကသိုလ်မှာရော စာသင်ခန်းနဲ့အဆောင်ကလါလို့

ဘယ်မှမသွားဘူး....လျှောက်မလည် ဘူး....ပုံ့ပုံ့ကိုသတိရတိုင်းလွမ်းတိုင်း စာဘဲကြိုးစားနေတာ မယုံရင်ပုံ့ပုံ့ရဲ့

ခါတ်ပုံကိုမေး ကြည့် "

လှတန် ။ ။ " ကောင်းပြီ....ဘယ်သူမှမရှိဘူးဆိုတော့ ဒီအိမ်မှာ

ကိုကြီးဖုန်းနဲ့ကမန်တော်နဲ့အေးအေးဆေး ဆေး စကားပြောချင်တာ "

ကိုဖုန်း ။ ။ " ကိစ္စက...."

လှတန် ။ ။ " ကြာပြီကြာပြီ ကိုကြီးဖုန်း....ကျွန်တော့်ကိုပေးထားတဲ့ကတိ....အဲဒါ

လာယူတာအဲဒီကတိက အခုချိန်မှာ ကျွန်တော့် ဘဝအတွက်အလိုအပ်ဆုံးအရာကို

ဖြည့်ဆည်းပေးနိုင်မယ်လို့ ထင် တယ် "

ကိုဖုန်း ။ ။ " ဘာကတိများလည်းမောင်လှတန် "

လှတန် ။ ။ " မမြဝေနဲ့ကပတ်သက်တဲ့ကတိ....မမြဝေ မမြဝေကို

ကိုကြီးဖုန်းမေ့လိုက်ပြီလား....မမြဝေနဲ့ ပတ်သက်တဲ့ကိစ္စတွေကို

ကိုကြီးဖုန်း မေ့ပစ်လိုက်ပြီလား ဟင် "

ကိုဖုန်း ။ ။ " မမေ့ပါဘူးမောင်လှတန်....မမေ့ပါဘူးမောင်လှတန်....အဲဒါ

ငါဘာလုပ်ပေးရမလဲ "

လုတန်   ။   ။ " ကိုကြီးဖုန်း ကျွန်တော့်ကို ပြောခဲ့တယ်....လိုချင်တာ
ပေးပါ့မယ်တဲ့....ကိုကြီးဖုန်းရဲ့ အသက်ကိုတောင် မနှမြောဘူးလို့
ပြောဘူးတယ်....အဲဒီကတိကိုလာတောင်းတာ "
ကိုဖုန်း   ။   ။ " အဲဒီကိစ္စအတွက် ငါကဘာလုပ်ပေးရမလဲ....ဘာလုပ်ပေးရမှာလဲ "
လုတန်   ။   ။ " ကိုကြီးဖုန်းရဲ့ သမီးပုံ့ပုံ့ကို ယူချင်တယ် "
ကိုဖုန်း   ။   ။ " မင်းဘာပြောလိုက်တယ် မောင်လုတန် "
လုတန်   ။   ။ " မိသားဖသားပီပီ လက်ထပ်ချင်တာ ပုံ့ပုံ့ကို....ပုံ့ပုံ့ကို ကျွန်တော်
တသက်လုံးစောင့် ရှောက်မှာ....ကျွန်တော်ဘဝအတွက်
အလိုအပ်ဆုံးဟာ ပုံ့ပုံ့....အဲဒီအတွက် ကိုကြီးဖုန်းက
တိပေးထားတဲ့အတိုင်း ကမန်တော်လိုချင်တာ ကိုကြီးဖုန်းဆီမှာ လာယူတာ "
ကိုဖုန်း   ။   ။ " မင်းတခြား ဘာမဆိုလိုချင်တာ တောင်းစမ်းပါမောင်လုတန်ရာ....
မတောင်းအပ် မတောင်း ထိုက်တာကို မတောင်းစမ်းပါနဲ့ကွာ "
လုတန်   ။   ။ " လိုချင်တာကို တောင်းရမ်းတဲ့လူသားထဲမှ
ာကျွန်တော်အမပါဘူး....ကျွန်တော်လိုချင်တာကို
ပေးမယ်လို့ကိုကြီးဖုန်းကပြောခဲ့လို့ ကျွန်တော်လာယူတာ "
ကိုဖုန်း   ။   ။ " အဲဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး....ငါမပေးနိုင်ဘူး "
လုတန်   ။   ။ " လုတန်ကို ကိုကြီးဖုန်း သိတယ်....လုတန်ဘဝမှာ လိုချင်တာကို မရဘူး
မရှိဘူး....တခါမှ မရှိရဘူး....ကိုကြီးဖုန်း ကျွန်တော့်ကို ပေးထားတဲ့ကတိကို
ဘာဖြစ်လို့ဖျက်ချင်သလဲ....ကို
ကြီးဖုန်းလက်မှတ်ထိုးထားတဲ့စာချုပ် ကျွန်တော့်မှာရှိတယ်....အဲဒါသတိထားအုံး....ရှော့
ရေ သောက်လိုက်ပါ....တော်ပြီ ခေါင်းကို
အေးအေးထားပြီးစဉ်းစား....ကိုကြီးဖုန်းဆီကို အတင်း အကြပ် အားမမွ
အေးခါးပြလာတိုက်တာ မဟုတ်ဘူး.....ကိုကြီးဖုန်း အခြေအနေမကောင်း
ဘူးဆိုတာသိရလို့ ကြားရမြင်ရတာ စိတ်ထဲမှာ မကောင်းဘူး....အကို့ညီက ပံ့ပိုးတာ
ဖြည့် ဆည်းတာ အခု ကိုကြီးဖုန်းရဲ့မိသားစု
ကိုကြီးဖုန်းရဲ့ကျန်းမာရေးရေလည်နိမ့်ကျနေတယ်.... ဒီဒုက္ခတွေကို
သားမက်တယောကအနေနဲ့မျှဝေခံစားချင်တာ....ပုံ့ပုံ့လေးကို တသက်လုံး
စောင့်ရှောက်မယ်....အဲဒီတာဝန်ပေးလိုက်စမ်းပါ....အဲဒီအတွက်
ကိုကြီးဖုန်းရဲ့သဘောတူညီ ချက်ကို လိုချင်တယ် အဲဒါကို ပုံ့ပုံ့က
သဘောမတူဘူးဆိုရင် မလုပ်နဲ့....သဘောတူအောင် ကြိုးစားမယ်
အိုကေ.... ကိုကြီးဖုန်း ပုံ့ပုံ့သဘောတူအောင်ကြိုးစားမယ်ဆိုတော့ ဒီအိမ်ကို
ကျွန်တော်ခဏခဏလာဘို့တော့ လိုလာပြီ....အင်း သူက ဝင်ထွက်သွားလာတာကို
မြင်ပါ များတော့ မစိမ်းတော့ဘူး....ကျွန်တော့ကို ရင်းနှီးလာမယ်....ဟင်
ဒီတာဝန်ကို ကိုကြီးဖုန်း လိုက်လျောပေးပါ

ခွင့်ပြုပါ....ကိုကြီးဖုန်း....ကိုကြီးဖုန်း....ဒီဘက်လှည့်ပါအုံး....ကျွန်တော်

လိုချင်တာမရဘူးဆိုရင်.....အင်း....ကဲကျွန်တော်သွားမယ်....ခေါင်းအေးအေးထားပြီးစဉ်းစား ပေးနော် ”

ပုံပုံ့ ။ ။ “ ဖေဖေ....ဖေဖေ့ကို မေးစရာရှိလို့ ”

ကိုဖုန်း ။ ။ “ ဘာများလဲသမီး ”

ပုံ့ပုံ့ ။ ။ “ ဦးလှတန်အကြောင်းပါ....ဦးလှတန်နဲ့ ဖေဖေတော်တော် ရင်းနှီးလား ”

ကိုဖုန်း ။ ။ “ ရင်းနှီးတာပေါ့ သမီးရယ်....ဖေဖေနဲ့ စီးပွားတူ လုပ်ဖော်ကိုင်ဘက်တွေဘဲ....ဖေဖေ အိမ် ထောင်မကျခင်ကတဲက ပေါင်းလာခဲ့ကြတဲ့ မိတ်ဆွေစစ်တွေပါ ”

ပုံ့ပုံ့ ။ ။ “ အဲဒီလူကြီးကို သမီးကြည့်လို့မရဘူး ဖေဖေ....ဟို တခါ သမီးတို့သူငယ်ချင်းတွေစုပြီး ဂီတာတီး သီချင်းဆိုတုန်းက သူနဲကလည်း ဘာမှမဆိုင်ဘဲ ဘလိုင်းကြီး ဝင်စွတ်နေတယ် ”

ကိုဖုန်း ။ ။ “ သြော်....ဒါကတော့သမီးရယ် ဖေဖေက သူ့ကိုအမြင်မတော်တာတွေ့ရင် ဆုံးမပါလို့ မှာ ထားတယ်လေ....အဲဒါကြောင့်သူက သမီးကို စေတနာနဲ့ ဝင်ပြောတာနဲ့တူတယ် ”

ပုံ့ပုံ့ ။ ။ “ အကြောကြီးနဲ့ ဝင်ပြောလို့ကတော့ သမီးကခံမှာ မဟုတ်ဘူးနော် ”

ကိုဖုန်း ။ ။ “ သမီးကလည်းကွယ်....လိမ္မာသားနဲ့ကွယ်....မောင်လှတန်က ဖေဖေတို့အပေါ်မှာ ကောင်း ရှာပါတယ်....ပြီးတော့ဖေဖေတို့ကိုလည်း မိသားစုလို ကူညီစောင့်ရှောက်နေရှာတာတပါ....

ဒီတော့သမီးအနေနဲ့ ဖေဖေရဲ့မိတ်ဆွေကို သည်းခံပြီး ဆက်ဆံစေချင်တယ်ကွယ် ”

ပုံ့ပုံ့ ။ ။ “ အင်းလေ....ဖေဖေမကြိုက်ဘူးဆိုရင် သမီးကောင်းကောင်းမွန်မွန်ဆက်ဆံပါ့မယ်....သမီး

ကြောင့်ဖေဖေစိတ်မချမ်းမသာ မဖြစ်စေရပါဘူး ”

ပုံ့ပုံ့ ။ ။ “ အဲတာ ရှင်ဘာလုပ်တာလဲ ”

လှတန် ။ ။ “ ဆွဲကြိုးဆွဲပေးတာလေ....ပုံ့ပုံ့ဒီလည်ပင်းလှလှလေးပေါ်မှာ ဒီဆွဲကြိုးလေးဆွဲလိုက်လို့ရှိရင် ပိုလှသွားမှာဘဲလို့ ယုံကြည်လို့ဆွဲပေးလိုက်တာ....ဒီနေ့ပုံ့ပုံ့မွေးနေ့မဟုတ်လား....ကိုကြီး

ကမွေးနေ့လက်ဆောင်ပေးတာပါ ”

ပုံ့ပုံ့ ။ ။ “ အို မလိုချင်ဘူး....မလိုချင်ဘူး ရှင်ပေးတဲ့လက်ဆောင်ဘာမှဘာမှမလိုချင်ဘူး....ပြီးတော့

အကျွေးအမွေးတွေ ဧည့်ခံပွဲတွေ လုပ်ပြီးတော့ ကျင်းပနေတာမဟုတ်ဘူး ”

လှတန် ။ ။ “ ကျုပ်ပေးတဲ့လက်ဆောင်ကိုအရင်လက်ခံပါ ”

ပုံ့ပုံ့ ။ ။ “ ရှင်နော် ကျွန်မကိုမလုပ်နဲ့နော် ”

လှတန် ။ ။ “အမှတ်တရ....အမှတ်တရ ”

ကိုဖုန်း ။ ။ " သမီး....သမီး "
လှတန် ။ ။ " ဒီနေ့ပုံ့ပုံ့အသက်
ဆယ့်ရှစ်နှစ်ပြည့်တဲ့မွေးနေ့လေ....ကျွန်တော်မှတ်ထားတယ်....အဲဒါ
မွေးနေ့လက်ဆောင် လာပေးတာ....ကိုကြီးဖုန်း ပုံ့ပုံ့ကို မြို့ထဲခေါ်သွားမယ်....သူလိုချင်
တာတွေအကုန်လုံး ဝယ်ပေးချင်တယ်....သူစားချင်တာတွေအကုန်လုံး
ကျွေးချင်တယ်.... အဝတ်အစားလှလှလေးဟာလဲခွဲ....သွား"
မအုန်း ။ ။ " ကိုဖုန်း
ကျွန်မကတော့သမီးလေးကိုမောင်လှတန်နဲ့တွဲသွားတွဲလာလုပ်နေတာလုံးဝသဘော
မကျဘူး....ဦးလေးအရွယ်လည်းဖြစ်ပြန် ပြီးတော့ မိန်းမကိစ္စနဲ့ပတ်သက်ရင်သူ့မှာ
နာမည် ကောင်းတချက်မှမရှိဘူးဆိုတာကို ကိုဖုန်းသိတယ်နော် "
ကိုဖုန်း ။ ။ " အေးလေ....မင်းမကြိုက်သလို ငါလည်းမကြိုက်ပါဘူးကွာ....ဒါပေမယ့် "
မအုန်း ။ ။ " ဒါပေမယ့် ဘာလဲ....ကိုဖုန်းဘာလဲလို့ "
ကိုဖုန်း ။ ။ " ခက်တယ်ကွာ....မအုန်းမေရယ် "
မအုန်း ။ ။ " ဟင် ဘာခက်တာလဲ "
ကိုဖုန်း ။ ။ " မင်းမသိတာတွေအများကြီးရှိသေးတယ် "
မအုန်း ။ ။ " အဲဒီမသိတာတွေကို ပြောပြမှ သိမှာပေါ့ရှင် "
ကိုဖုန်း ။ ။ " အခုနေမင်းမသိချင်ပါနဲ့အုံးကွာ....အခုနေမင်းသိရရင် စိတ်ရှုပ်ထွေး
စိတ်ညစ်ရအုံးမှာဘဲ ရှိမှာ....ပြောချိတန်တဲ့တချိန်မှာ
ငါမင်းကိုပြောပြပါ့မယ်...အေး တခုတော့မင်းကို ငါမှာထား
ပါရစေ....မောင်လှတန်နဲ့ဆက်ဆံတဲ့အခါမှာ
ပြေပြေလည်လည်ဆက်ဆံပါလို့....စိတ်ထဲက
ပါသည်ဖြစ်စေ...မပါသည်ဖြစ်စေကွာ....ပြေပြေလည်လည်ဆက်ဆံစမ်းပါလို့
ငါတောင်းပန် ထားပါရစေ "
မအုန်း ။ ။ "
မဟုတ်သေးဘူးကိုဖုန်းရယ်....မဟုတ်သေးဘူး....ဘာမှန်းမသိရတော့လည်းခက်သားဘဲ....
ဘာဖြစ်လို့ သမီးလေးနဲ့သူ့ ကို
လွတ်လွတ်လပ်လပ်ထားရမှာတုန်း....ကျွန်မတို့သမီးက
ငယ်ငယ်ရွယ်ရွယ် အပျိုနုနုထွတ်ထွတ် တခုခုဖြစ်သွားရင် ကျုပ်တို့ရင်ကျိုးရမှာနော်....
ကိုဖုန်း ကျုပ်တို့ရင်ကျိုးရမှာ "
ကိုဖုန်း ။ ။ " မင်းကိုငါပြောချိန်တန်ရင် ပြောပါ့မယ်
မအုန်းမေရယ်....သမီးလေးအတွက်ငါလည်း စိုးရိမ်
တာပါဘဲ....စိုးရိမ်တာပါဘဲ....အေး သမီးလေး
မောင်လှတန်ကိုတည်တည်မှန်မှန်ဘဲဆက်ဆံ ပါစေလို့ဘဲ

ဆုတောင်းရမလား....မောင်လှတန်ကို သမီးရင်းရင်းနှီးနှီးဆက်ဆံပါစေလို့ဘဲ
ဆုတောင်းရမလား....အို ငါဘယ်လို ဆုတောင်းရမလဲဆိုတာ မသိတော့ပါဘူးကွာ ”
မအုန်း ။ ။ “ ရှင် ”
လှတန် ။ ။ “ စိန်အုန်းရေ....စိန်အုန်း ”
စိန်အုန်း ။ ။ “လာပြီ ဆရာ ”
လှတန် ။ ။ “ ဖုန်းခဏဆက်လိုက်ပါ....ငါရေချိုးနေရင်းသတိရလို့ ”
စိန်အုန်း ။ ။ “ ဆရာရေချိုးနေတုန်းဆက်လိုက်ပြီ....ဟော်တယ်ကပစ္စည်းတွေ အကုန်လုံး
အသစ်လဲပြီး သွားပြီတဲ့ ”
လှတန် ။ ။ “ စက်လား ”
စိန်အုန်း ။ ။ “ရှေ့အပတ်ထဲမှာ စက်ဘူ ပြန်သွားမယ် ”
လှတန် ။ ။ “ ဟုတ်လား....ဒါဆိုလည်းပြီးရော....အဲတော့
သူဘယ်တော့ပြန်လာမလဲဆိုတာ စုံစမ်းပြီး
ငါ့ကိုအသိပေးစမ်း....သူနဲ့ငါ စာရင်းရှင်းစရာရှိတယ် ”
မအုန်း ။ ။ “ သမီး ”
ပုံ့ပုံ့ ။ ။ “ ရှင်....မေမေ ”
မအုန်း ။ ။ “ သမီးကိုမေမေစကားပြောချင်တယ်ကွယ် ”
ပုံ့ပုံ့ ။ ။ “
သားအမိချင်းဘဲမေမေရယ်....စကားပလဒင်ခံဘို့လိုသေးသလား....မေမေဘာပြောချင်တာ
လဲ....ပြောလေ ”
မအုန်း ။ ။ “ သမီးအပေါ်ကိုမေမေတို့ ဘယ်လောက်ချစ်တယ်ဆိုတာ
သမီးသိပါတယ်နော်....ဘယ်မိဘ မဆို
ကိုယ့်သားသမီးဘဝတလျှောက်လုံးကို ကောင်းကောင်းမွန်မွန်နဲ့ကောင်းစားတာကို
မြင်ချင်ကြတယ်....ဒီတော့မေမေတို့က သမီးကိုသင့်တော်တဲ့လူနဲ့
အိမ်ထောင်ချထားပေးချင် တယ် ”
ပုံ့ပုံ့ ။ ။ “ ဘယ်သူနဲ့လည်းမေမေ ”
မအုန်း ။ ။ “ သမီးနဲ့လည်းအသင့်တော်ဆုံးဖြစ်
သမီးလက်ခံနိုင်မဲ့သူလည်းဖြစ်မယ်လို့မေမေထင်တယ် ပြီးတော့ ဖေဖေ
မေမေတို့ မျက်ကွယ်ပြုသွားရင် သမီးညီမလေးက သမီးကိုအားကိုးပြီး
အတူတူနေရမှာ မဟုတ်လား....ဖြူဖြူကို ကြင်နာနားလည်တဲ့လူလည်းဖြစ်ရမှာပေါ့ကွယ်
”
ပုံ့ပုံ့ ။ ။ “ ဘယ်သူများလဲမေမေ ”
မအုန်း ။ ။ “
အတူးလေ....ဒါငိုစရာမဟုတ်ပါဘူးသမီးရယ်....သမိးမကျေနပ်ရင်မေမေတို့အတင်းအကျပ်
ဘာကိုမှ မစီစဉ်ပါဘူး ”

ပုံ့ပုံ့ ။ ။ “ ဖေဖေနဲ့တိုင်ပင်ပြီးပြီလားမေမေ….ဖေဖေကကော သဘောတူရဲ့လား ”
မအုန်း ။ ။ “ ဖေဖေအတွက်ကိုမေမေ့တာဝန်ထား….သမီးကသက်သေခံရင်ဖေဖေကြီး သဘောတူရမှာ ပေါ့ ”
ပုံ့ပုံ့ ။ ။ “ ဖေဖေနဲ့တိုင်ပင်ကြည့်ပါအုံးမေမေရယ်….ဖေဖေကသာ သဘောတူမယ်ဆိုရင် သမီးမငြင်း ပါဘူး….မေမေတို့သဘောပါ ”
မအုန်း ။ ။ “ အေးလေ….အဖေကြီးကိုဖွင့်ပြောပြီးတော့မေမေတို့တိုင်ပင်မယ်….ဖေဖေကြီးသဘောတူ တယ်ဆိုရင် ငါ့သမီးကကော ကဲ….ပြောလေ…. ကြာပါတယ်အဖေကြီးဆီကို တခါထဲသွား စကား ပြောမယ်….သမီးပါလိုက်ခဲ့….လာ သမီးလေး….လာ သွားပြောရအောင် လာ ”
မအုန်း ။ ။ “ အဖေကြီးရေ သမီးအတွက် အဖေကြီးနဲ့ တိုင်ပင်ချင်လို့ ”
ကိုဖုန်း ။ ။ “ ပြောလေ မအုန်း ပြောစမ်းပါ ”
မအုန်း ။ ။ “ ဟောဒီသမီးလေးကလည်း အရွယ်ရောက်လာပြီကိုရွှေဖုန်းရဲ့….ဒီတော့ သင့်တော်တဲ့လူနဲ့ အိမ်ထောင်ချထားပေးချင်တယ်….ဒါမှ ကျွန်မတို့စိတ်အေးရမယ်မဟုတ်လား ”
ကိုဖုန်း ။ ။ “ နေပါအုံး….မအုန်းမေ မင်းက ငါ့သမီးကိုဘယ်သူနဲ့များနေရာချထားပေးချင်လို့တုန်း…. သမီးက အရွယ်ရောက်လာတာမှန်ပေမယ့် အိမ်ထောင်ချထားပေဘို့တော့ စောသေးတယ် ထင်တယ်ကွာ ”
မအုန်း ။ ။ “ သြော်….ချက်ချင်းကြီးတော့လည်း ဘယ်ဟုတ်ပါ့မလဲရှင်….လူကြီးချင်းပြောဆိုထားဘို့ပါ ဟို လက်ထပ်ဖို့ကတော့ သမီးလေးကျောင်းပိတ်မှဘဲ စီစဉ်ကြတာပေါ့ ”
ကိုဖုန်း ။ ။ “ နေစမ်းပါအုံး….မင်းသဘောကျတဲ့လူကဘယ်သူလဲ ”
မအုန်း ။ ။ “ ရှင်ကလည်းရှင်….ကိုသန်းတင် မလှမြင့်တို့ရဲ့သား အတူးလေ ”
ပုံ့ပုံ့ ။ ။ “ သမီးကိုရော မင်းမေးကြည့်ပြီးပြီလား ”
မအုန်း ။ ။ “ သမီးကို မေးပြီးပြီ….သမီးကအဖေကြီးနဲ့တိုင်ပင်ပါတဲ့….အဖေကြီးက သဘောတူရင်သူက ဘာမှငြင်းစရာမလိုပါဘူးတဲ့….ကဲ အဖေကြီးရဲ့ သဘောပြော သိချင်ပြီ ”
ကိုဖုန်း ။ ။ “ နေစမ်းပါအုံး….မအုန်းမေရယ်….ငါစဉ်းစားပါရစေအုံးကွာ….ဒီကိစ္စမျိုးဆိုတာ ချက်ချင်းဆုံး ဖြတ်လို့ကောင်းတာမျိုးမဟုတ်ဘူး ”
မအုန်း ။ ။ “ ဒီလောက်ကြီး အချိန်ယူစဉ်းစားဘို့မလိုပါဘူးရှင်….အတူးဆိုတာကကိုယ့်မျက်စိအောက်မှာ ကြီးလာတဲ့ကလေး….မိဘချင်းကလည်း ခင်မင်ရင်းနှီးပြီးသားဘဲလို့ ”

ကိုဖုန်း ။ ။
“နေစမ်းပါအုံး....မင်းကဒီကိစ္စကိုဘာကြောင့်ဖုတ်ပူမီးတိုက်စီစဉ်ချင်နေရတာလဲ....အိမ်ထောင်
ထောင် မှုဆိုတာတသက်လုံးအရေးကွ....စဉ်းစားပြီးဆုံးဖြတ်ရင်မမှားဘူး ”
မအုန်း ။ ။ “ ဟုတ်ပါတယ်ရှင်....အိမ်ထောင်ဆိုတာ ပြုပြီးရင် မှားမှားမှန်မှန်
ပြန်ပြင်လို့မရဘူး....ဒါ ကြောင့်သမီးလေးကို
မတော်တရော်နဲ့တွေ့သွားမှာစိုးလို့ရှင့်ကိုပြောနေတာ ”
ကိုဖုန်း ။ ။ “ ကျုပ်သမီးက လိမ္မာရေးခြားရှိပြီးသားပါမအုန်းမေရယ်....စိုးရိမ်စရာ
စိတ်ပူစရာ မရှိပါဘူး ကွာ ”
မအုန်း ။ ။ “ အို
ရှင်မပူပေမယ့်ကျုပ်ကပူရတယ်....ဒီမှာနီးစပ်ရင်နီးစပ်သလိုဖြစ်သွားတာ....ဒါကြောင့်ရှင့်
ကိုပြောနေတာ ”
ကိုဖုန်း ။ ။ “ သမီးဖေဖေအတွက်ကလူးကို့စ်နဲ့ သံပရာရေတခွက်လောက်ဖော်ပေးစမ်းပါ
”
မအုန်း ။ ။ “ သမီးသွားဖျော်ပေးလိုက် ”
ပုံ့ပုံ့ ။ ။ “ ဟုတ်ကဲ့ ”
မအုန်း ။ ။ “ ကိုရွှေဖုန်း သမီးလေးမရှိတုန်း ရှင့်ကိုတော့ကျွန်မ ရှင်းရှင်းလင်းလင်း
မေးရပါလိမ့်မယ်.... အတူးနဲ့ကသမီးကို ရှင် သဘောတူဘို့
ဘာဖြစ်လို့ဝန်လေးနေရတာတုန်း....အခုတလော ရှင့်ကို
ကြည့်ရတာ ပုံမမှန်ဘူး....မောင်လှတန်က ရှင့်ကို ဘာများနိုင်ကွက်ရှိသလဲဟင်....
အခုတလော သမီးလေးနဲ့ကမောင်လှတန်ကို
ရင်းရင်းနှီးနှီးနေခွင့်ပြုနေတာကိုကျွန်မ သဘော
မကျဘူး....ကျွန်မကဟန့်တားရင်လည်းရှင်ကကာဆီးကာဆီးနဲ့....ပြောစမ်းပါရှင်မောင်
လှတန် ကို ဘာများကြောက်စရာရှိလို့လဲ ”
ကိုဖုန်း ။ ။ “ အို မင်းကလည်း မဟုတ်တာတွေ ပြောမနေစမ်း ပါနဲ့ကွာ....ငါက
မောင်လှတန်ကို ဘာ
ဖြစ်လို့ကြောက်နေရမှာလဲ....ငါနဲ့မောင်လှတန်ကလုပ်ဖော်ကိုင်ဘက်အချင်းချင်းဘယ်လို
နေ ကြတယ် ဘယ်လိုဆက်ဆံကြတယ်ဆိုတာ
မင်းအသိဘဲကွာ....မောင်လှတန်အပြင်မှာဘယ် လိုဘဲနေနေ
သမီးလေးအပေါ်မှာတော့ လုပ်မယ့်သူ မဟုတ်ပါဘူးကွာ ”
မအုန်း ။ ။ “
ဒီမှာကိုရွှေဖုန်း....ဘယ်ယောကျ်ားမှသတ်သတ်လွတ်မစားဘူးရှင့်....လောကကြီးမှာကြောက်
စရာအကောင်းဆုံးက ကြောင်သူတော်ဘဲ....မောင်လှတန်ဟာ
ကြောင်သူတော်ဆိုတာ အား လုံးသိနေကြတာဘဲ ”

ကိုဖုန်း ။ ။ “ မောင်လှတန် ဘာဘဲဖြစ်နေဖြစ်နေကွာ...သမီးပုံ့ပုံ့က
မမိုက်ပါဘူး...လိမ္မာ ရေးခြားရှိပြီး ဆင်ခြင်နိုင်တဲ့မိန်းကလေးပါ ”
မအုန်း ။ ။ “ ကဲတော်ပြီ...တော်ပြီ မောင်လှတန်နဲ့ ပတ်သက်ရင် ကျွန်မ
မပြောချင်တော့ ပါဘူးနော်... ပုံ့ပုံ့နဲ့အတူးကိစ္စသာ ရှင်ပြောတော့ ”
ကိုဖုန်း ။ ။ “ ငါပြောပြီးပါအုံးလာ မအုန်းမေရယ်...စဉ်းစားပါရစေအုံးလို့ ”
မအုန်း ။ ။ “ ကဲ ကောင်းပြီ ရှင်က ဘယ်နှစ်ရက်ကြီးများတောင်စဉ်းစားနေမှာတုန်း ”
ကိုဖုန်း ။ ။ “ ဒီလိုလုပ်ကွာ မအုန်းမေ...ဒီမှာငါပြောမယ်...အတူးကျောင်းပိတ်လို့
ပြန်လာတဲ့အထိ ငါ့ ကိုအချိန်ပေးပါ...အဲ အတူးကျောင်းဖွင့်လို့
ရန်ကုန်မပြန်ခင် မင်းကိုအဖြေပေးမယ်... ဟုတ်
ပြီလား...အဲဒီလောက်တော့ ငါ့ကိုစောင့် ”
မအုန်း ။ ။ “ ကောင်းပြီ...ကောင်းပြီ ”
“ ချောက်...ချောက်...ချောက် ”
မအုန်း ။ ။ “ သမီးဘယ်သူလည်းမသိဘူး သွားကြည့်လိုက်ပါကွယ် ”
ပုံ့ပုံ့ ။ ။ “ ဟုတ်ကဲ့မေမေ ”
လှတန် ။ ။ “ ပုံ့ပုံ့...ကိုကြီးနဲ့မြို့ထဲခဏလိုက်ခဲ့ ”
ပုံ့ပုံ့ ။ ။ “ ပုံ့ပုံ့ မအားဘူး
ဦးလှတန်...ဖေဖေတော်တော်နေမကောင်းဖြစ်နေတယ်...ငါးရက်လောက်
ရှိပြီ ”
လှတန် ။ ။ “ အခုဘယ်မှာလဲ ”
ပုံ့ပုံ့ ။ ။ “ အခန်းထဲမှာ ”
လှတန် ။ ။ “လိုက်ကြည့်မယ် ”
မအုန်း ။ ။ “
အဖျားကတက်လိုက်ကျလိုက်နဲ့ငါးရက်လောက်ရှိပြီ...အဲတာအဖျားတာရှည်မှာစိုးရတယ် ”
လှတန် ။ ။ “ ဆရာဝန်ခေါ်ပေါ့ မခေါ်ဘူးလား ”
မအုန်း ။ ။ “ ခေါ်ပါတယ်...ဆရာလည်းတနေ့တခေါက်လာတယ်...အဲ
ဆရာဝန်လာတဲ့အခါကျရင် အဖျားကျပြီး
တကိုယ်လုံးအေးနေတာဘဲ...အဲတာခက်တာပေါ့ ”
လှတန် ။ ။ “ ကိုကြီးဖုန်းက အိပ်နေတာလား ”
မအုန်း ။ ။ “ မှိန်းနေတာပါ...ကိုရွှေဖုန်းဧည့်သည်လာတယ် ”
လှတန် ။ ။ “
ကိုကြီးဖုန်းသက်သာလား...ဘာလိုလဲလိုတာရှိရင်ပြောနော်အားမနာနဲ့...ကိုကြီးဖုန်းအိပ်ရာ
ထဲမှာလဲနေတာ အခုလိုမြင်ရတာ စိတ်မကောင်းဘူး ”
ပုံ့ပုံ့ ။ ။ “ ဦးလှတန်တကယ်ပြောနေတာလား ”

လှတန်	။	။ “ ဟာ
ကိုကြီးဖုန်းနဲ့အကိုကြီးတို့ကပေါင်းလာတာကြာပြီ....ရင်းရင်းနှီးနှီးကိုပေါင်းလာကြတဲ့
မိတ်ဆွေတွေ....ဒီမိတ်ဆွေတယောက်က အိပ်ရာထဲမှာ
ပက်လက်ကြီးမြင်နေရတာ အကိုကြီး	က
ရီနေရမှာလား....ပျော်နေရမှာလား ”
ပုံ့ပုံ့	။	။ “ ဖေဖေနဲ့ဦးလှတန်တွေ့ရင် တမျိုးဖြစ်သွားတာ
ပုံ့ပုံ့သတိထားမိတယ်....အဲတာတခုခုတော့	တခုခုဘဲ....အဲဒီတော့
ဖေဖေအခုလိုရောဂါတိုးနေတဲ့အချိန်မှာ ဘယ်သူနဲ့မှမတွေ့စေချင်ဘူး
ဖေဖေစိတ်ဓာတ်အရမ်းကျသွားမှာစိုးရတယ် ”
လှတန်	။	။ “ ဟင်း....ဟင်း ကျုပ်ကိုယဉ်ယဉ်လေးနဲ့နှင်နေတာကို ”
ပုံ့ပုံ့	။	။ “ မဟုတ်ဘူးဦးလှတန်....ပုံ့ပုံ့ဆိုလိုတာက
အဲဒီသဘောမျိုးမဟုတ်ဘူး....ပုံ့ပုံ့တို့အိမ်ကို	ဦးလှတန်
ဆန္ဒအတိုင်းလာချင်လာနိုင်ပါတယ်....ပုံ့ပုံကကဖေဖေ့ကျန်းမာရေးအတွက်ပြော
တာပါ....ဖေဖေ့ကိုမြန်မြန်နေကောင်းစေချင်တယ်လေ....ဖေဖေစိတ်ချမ်းသာမယ်ဆိုရင်ပုံ့
ပုံက	ဘာမဆိုလုပ်ပေးဘို့ အဆင်သင့်ရှိပါတယ်ဦးလှတန် ”
လှတန်	။	။ “ ကျုပ်ကလည်း
အဲဒီပုံ့ပုံ့စိတ်ချမ်းသာဘို့ဘဲအဓိကထားတယ်....အဲတာကျုပ်အတွက်အဓိက
အကျဆုံး....အဲတော့ ဟို
အဓိကျကတာကိုအဓိကထားပြီးပြောချင်တယ်....ကျုပ်ဒီကိုလာနေ
တာ ပုံ့ပုံ့စိတ်အနှောင့်အယှက်ဖြစ်နေသလားပြောလေ....ဟင
ဖြစ်ရင်ဖြစ်တယ်....မဖြစ်ရင်	မဖြစ်ဘူးပေါ့....ရှင်းရှင်းပေါ့ ”
ပုံ့ပုံ့	။	။ “ ပုံ့ပုံ့မပြောရဲဘူး ”
လှတန်	။	။ “ မပြောရဲဘူးဆိုတော့ ပြောလိုက်မဲ့စကားတွေက
ကျုပ်နားမထောင်ချင်တဲ့စကားတွေဖြစ်မယ်
ကျုပ်မလိုချင်တဲ့စကားတွေဖြစ်မယ်....ကျုပ်ပြန်မယ်....မင်းလေးကျေနပ်လား ”
ပုံ့ပုံ့	။	။ “ ပြောစရာရှိတဲ့စကားကို ပြောရမယ့်သူကိုမပြောဘဲနေရင်
ရင်ထဲမှာကြိတ်ပြီးလျှို့ဝှက်ထားရ	တာ စိတ်ပင်ပန်းလုပ်တယ်ဖေဖေ
”
ကိုဖုန်း	။	။ “ သမီးဘာကိုဆိုလိုတာလဲ ”
ပုံ့ပုံ့	။	။ “ ဖေဖေဦးလှတန်ကို
ကတိတခုပေးထားတယ်မဟုတ်လား....အဲဒီကတိတခုကို ဦးလှတန်က
တောင်နေတုန်း စိတ်ပင်ပန်းခံစားနေရတယ်မဟုတ်လား ”
ကိုဖုန်း	။	။ “ ဟေ....သမီးဒီအကြောင်းတွေကို သိတယ်....ဘယ်လိုလုပ်သိတာလဲသမီး ”

ပုံ့ပုံ့ ။ ။ “ ဖေဖေနဲ့ဦးလှတန်တို့နှစ်ယောက် ပြောနေတာကို
သမီးအကုန်ကြားပြီးပါပြီ....သမီးအားလုံး
သိပြီးပါပြီ....အဲဒီအတွက် ဖေဖေစိတ်မချမ်းမသာဖြစ် စိတ်ညစ်နေရတယ်ဆိုတာကို
သမီးရိပ် မိပါတယ် ”
ကိုဖုန်း ။ ။ “
သမီးအားလုံးရိပ်မိမှတော့ဖေဖေဘာမှလျှို့ဝှက်မထားချင်တော့ပါဘူးသမီးရယ်....ဖေဖေ့ဘဝ
မှာ
ဘယ်လိုမှပြင်မရတဲ့အမှားတခုကိုကျူးလွန်ခဲ့ဘူးတယ်....အဲဒီအမှားကြောင့်မောင်လှတန်
ကို ဖေဖေမတွန်းလှန်နိုင်တာ....ဒီကြားထဲဖေဖေ့ကျန်းမာရေးက.... ”
ပုံ့ပုံ့ ။ ။ “
ပြီးခဲ့တာတွေလည်းပြီးခဲ့ပါပြီဖေဖေရယ်....ဖေဖေသာနေကောင်းအောင်နေပါ....စိတ်ချမ်းသာ
အောင်နေပါနော် ”
ကိုဖုန်း ။ ။ “ ဘယ်လိုလုပ်ပြီးစိတ်ချမ်းသာနိုင်မှာလည်း
သမီးရယ်....ဒီအကြောင်းတွေကိုတွေးမိရင်ဖေဖေ
စိတ်ဆင်းရဲရလေဘဲ....ဖေဖေတို့တအိမ်သားလုံးဒရဲ့ကံကြမ္မာက
မောင်လှတန်ရဲ့လက်ထဲမှာ ရှိနေတာဆိုတော့.... ”
ပုံ့ပုံ့ ။ ။ “ အဲဒီကိစ္စအတွက် ဘာမှမပူပါနဲ့ဖေဖေ....သမီးဦးလှတန်ကိုလက်ထပ်ပါ့မယ်
”
ကိုဖုန်း ။ ။ “ မဖြစ်ဘူးသမီးရယ်....သမီးနဲ့အတူးတိုအခြေအနေကလည်း.... ”
ပုံ့ပုံ့ ။ ။ “ သမီးကိုဘာမှ စိတ်မပူပါနဲ့ဖေဖေ....အရာရာကို စွန့်လွှတ်ရဲမှတော့
သမီးဘာမဆိုရင်ဆိုင် ရဲပါတယ်....ကိုတူးပြန်လာရင်လည်း
သမီးပြေလည်အောင်ဆွေးနွေးလိုက်ပါ့မယ် ”
ကိုတူး ။ ။ “ ပုံ့ပုံ့ဘာဖြစ်နေတာလဲ ”
ပုံ့ပုံ့ ။ ။ “ ဘာမှမဖြစ်ပါဘူးကိုတူး ”
ကိုတူး ။ ။ “
ပုံ့ပုံ့မျက်နှာလည်းမကောင်းဘူး.....တခုခုကိုမြိုသိပ်ထားသလိုဘဲ....ဒီအတိုင်းဆိုရင် ကိုယ်
တွေးထင်ထားတာတွေကြားရတာတွေ တကယ်ဟုတ်နေပြီထင်တယ် ”
ပုံ့ပုံ့ ။ ။ “ ကိုတူးကဘယ်လိုထင်တာလဲ ”
ကိုတူး ။ ။ “ ဘယ်လိုမှမထင်ရက်ဘူး....ဒါပေမယ့်ကံကြမ္မာနဲ့
ဦးလှတန်ကိုယုံလို့ဦးလှတန်ပုံ့ပုံ့တို့အိမ် ကိုဝင်ထွက်ကတည်းက
စိုးရိမ်ကြောင့်ကြတာတွေ အခုတော့.... ”
ပုံ့ပုံ့ ။ ။ “ ပုံ့ပုံ့က ကလေးဘဝကတဲက အတူနေလာခဲ့တဲ့ကိုတူးကို သံယောဇဉ်ရှိပြီး
အချစ်လို့ထင်ခဲ့ မိတယ်....တကယ်တန်းအမှန်အတိုင်းဝန်ခံရရင်
ကိုတူးကိုချစ်ခဲ့တာဟာ ကလေးအသိနဲ့စိတ်

ကစားမိခဲ့တာပါ....ဦးလှတန်နဲ့တွေ့မှဘဲ အချစ်ဆိုတာ ပုံ့ပုံ့
နားလည်မိခဲ့တယ်....ပုံ့ပုံ့တ ကယ်ချစ်တာ ဦးလှတန် ”
ကိုတူး ။ ။ “ ဘာ....နင်ဘာပြောတယ် ပုံ့ပုံ့....နင့်ပါးစပ်က
ဒီစကားမျိုးပြောရဲတယ်....ဟုတ်လား ပုံ့ပုံ့ ”
ပုံ့ပုံ့ ။ ။ “ ဟုတ်တယ်....ကိုတူးကိုပုံ့ပုံ့ချစ်တာထက် ဦးလှတန်ကို
ပုံ့ပုံ့ချစ်တာနှိုင်းယှဉ်လို့မရအောင် သာတယ်ဆိုတာ
အခုမှဘဲသိတော့တယ် ”
ကိုတူး ။ ။ “ မင်းငါ့ကိုချစ်တယ် မခွဲနိုင်ဘူးဆိုတာ
နင့်နှုတ်ဖျားကမုသားတွေလား....နင်ငါ့ကိုညာနေတာ
ဟုတ်လား....မင်း....မင်းကွာငါ့အချစ်ကိုစော်ကားတယ်....ငါ့နှလုံးသားကိုရက်စက်ချင်တ
ယ် မင်း ကွာ ”
ပုံ့ပုံ့ ။ ။ “
ကိုတူးကြိုက်သလိုပြောပါ....စွပ်စွဲချင်သလိုစွပ်စွဲလိုက်ပါ....ပုံ့ပုံ့ကျေကျေနပ်နပ်ကြီးခံယူပါ
တယ် ”
ကိုတူး ။ ။ “ ပုံ့ပုံ့ မင်းကိုယ့်ကို ကြည်စယ်နေတာလား....မင်းကိုယ့်ကို
ကြည်စယ်နေတာမဟုတ်လား မင်းကိုယ့်ကို
ရူးအောင်မလုပ်ပါနဲ့....မင်းကိုယ့်ကိုနောက်နေစနေတာမဟုတ်လား....မင်းသိပ်
ရက်စက်တယ် ”
ပုံ့ပုံ့ ။ ။ “ ဟုတ်တယ်....ဒီပါးဟာ
ဦးလှတန်ကလွဲလို့ဘယ်သူ့အတွက်မှမဖြစ်စေရဘူး....ကိုတူးဘယ်
လိုဘဲဆထင်ထင် ဒီပါးပိုင်ရှင်ဟာ ပုံ့ပုံ့ချစ်တဲ့ဦးလှတန်ဘဲ
ဖြစ်ရမယ်....အဟင့်....အဟင့် ”
ကိုဖုန်း ။ ။ “ သမီးနဲ့အတူး အေးအေးဆေးဆေးတွေ့ကြပြီးပြီလား ”
ပုံ့ပုံ့ ။ ။ “ တွေ့ပြီးပါပြီ ဖေဖေ ”
ကိုဖုန်း ။ ။ “ ဘာတွေများပြောကြပြီးပြီလဲ ”
ပုံ့ပုံ့ ။ ။ “ ပြောသင့်ပြောထိုက်တာတွေတော့ပြောပြီးပါပြီ ဖေဖေ ”
ကိုဖုန်း ။ ။ “ ဘာတွေပြောလိုက်တယ်ဆိုတာ ဖေဖေမသိရဘူးလား သမီးရယ် ”
ပုံ့ပုံ့ ။ ။ “ အကြောင်းမှန်တော့
သမီးပြောမပြဘူးဖေဖေ....ပြောပြလို့လည်းမဖြစ်ဘူး....သမီးအပေါ်ကို
သူသနားမသွားစေချင်ဘူး....သမီးအတွက်နဲ့ယူကျုံးမရဖြစ်ပြီး
တသက်လုံးဝမ်းမနည်းစေချင် ဘူးလေ ”
ကိုဖုန်း ။ ။ “ အဲဒါကြောင့်သမီးကို
သူအနာကြီးနာသွားအောင်....ဘာဖြစ်လို့လုပ်ခဲ့တယ်ဆိုတာ ဖေဖေ

သဘောပေါက်ပါတယ်သမီးရယ်....ဒါပေမယ့်သမီးဟာ ဖေဖေအတွက်နဲ့
သမီးရဲ့မျှော်လင့် ချက်တွေမပျက်စီးစေချင်ဘူး ”
ပုံ့ပုံ့ ။ ။ “ ဖေဖေရယ်....ဒါတွေကိုမပြောပါနဲ့တော့ ”
ကိုဖုန်း ။ ။ “ မဖြစ်ချင်တာတွေဖြစ်ပြီး
မလုပ်ချင်တာတွေလုပ်နေရမှတော့မပြောသင့်တာတွေလည်းပြောရ အုံးမယ်
သမီးရယ်....သမီးကလေးဖေဖေ့အပေါ်မှာ အနစ်နာခံတာတွေ ဖေဖေကလွဲလို့ ဘယ်
သူမှသိကြမှာမဟုတ်ဘူး....ဒါကို ဖေဖေရင်အနာဆုံးဘဲသမီး....
အထူးသဖြင့်အတူးဟာဘာမှ
မသိဘဲ သမီးကို စိတ်နနာသွားအုံးမယ်ဆိုတာမျိုးဖေဖေ
လက်မခံနိုင်ဘူး....ဖေဖေဘယ်နည်း နဲ့မှ
လက်မခံနိုင်ဘူး....အတူးကိုခါ်တွေ့ပြီး ဖေဖေအခြေအနေအားလုံးရှင်းပြမယ် ”
ပုံ့ပုံ့ ။ ။ “ အို....မဟုတ်တာဖေဖေရယ် ”
ကိုဖုန်း ။ ။ “ သမီးကဖေဖေကို စိတ်ချမ်းသာစေချင်သလို ဖေဖေကလည်း
သမီးလေးအပေါ် ဘယ်သူမှ
အထင်မလွဲစေချင်ဘူး....အတူးကိုခေါ်ပြီးရှင်းပြရမှ
ဖေဖေလည်းစိတ်ချမ်းသာမှာပေါ့သမီးရဲ့ ”
ပုံ့ပုံ့ ။ ။ “ ဖေဖေရယ် ”
ကိုဖုန်း ။ ။ “ ဦးလေးအခုပြောမယ့်စကားတွေကို ငါ့တူအနေနဲ့
သေသေချာချာစဉ်းစဉ်းစားစားနားထောင်
စေချင်တယ်....ပြီးတော့ဦးလေးကိုလည်း ခွင့်လွှတ်နိုင်အောင်ကြိုးစားပါလို့ ကြိုတင်ပြီး
တောင်းပန်ထားပါရစေကွယ်....တကယ်တော့ ဒီအကြောင်းအရာတွေဟာ
ဘယ်သူ့ကိုမှပြော ပြလို့ကောင်းတဲ့အရာတွေ မဟုတ်ပါဘူး....ဘယ်သူ့ကိုမှပြောပြလို့
မဖြစ်နိုင်ပါဘူး....အတူး ကိုတော့ မပြောမဖြစ်ပြောပြရမှာပါ....သမီးပုံ့ပုံ့နဲ့
ငါ့တူတို့ရဲ့အခြေအနေကို ဦးလေးသိသင့်
သလောက်သိထားပါတယ်....မိဘချင်းကလည်း ခင်မင်ရင်းနှီးပြီးသားဆိုတော့
သဘောမတူ
နိုင်စရာအကြောင်းလည်းမရှိပါဘူး....ဘာဖြစ်လို့လည်းဆိုတော့ဦးလေးအခုလိုရောဂါဝေဒ
နာ တွေမရခင် ဟိုး လွန်ခဲ့တဲ့ရှစ်နှစ်၊ ကိုးနှစ်လောက်က
မောင်လှတန်နဲ့ဦးလေးဟာ လုပ်ဖော်
ကိုင်ဘက်တွေဖြစ်ခဲ့တယ်....အသောက်အစား၊ အပျော်အပါး၊ လောင်းကစားတွေနဲ့
အကြိုက် တူ၊ စရိုက်တူ၊ စိတ်တူ၊ ကိုယ်တူ၊ တွဲဖက် အပေါင်းအသင်းတွေ
ဖြစ်ခဲ့ကြတာပေါ့....ဩော် မောင်လှတန်နဲ့ဦးလေးဟာ ညအိပ်ညနေ
အမဲလိုက်ထွက်ခဲ့ကြတာလည်း အတူတူဘဲ....ပြီး

တော့မောင်လှတန်ဟာ ဘိုးဘွားလက်ထက်ထဲက ပြည့်စုံကုံလုံခဲ့တဲ့လူဆိုတော့ လို၊တ၊ရ
လက်ညှိုးညွှန်ရာရေဖြစ်ခဲ့တဲ့အချိန်ပေါ့ကွာ.... ”
လှတန် ။ ။ “ ကိုဘသိန်း....ကိုဘသိန်း ”
ဘသိန်း ။ ။ “ လာပြီဆရာ....လာပြီ ”
လှတန် ။ ။ “ လာပြီဆရာနဲ့ လူနဲ့တခါထဲလာ....ဒီမှာ ကျုပ်တို့အဖွဲ့ရောက်လာပြီဆိုရင် ဘယ်လိုတွေ သောင်းကျန်းတော့မယ်ဆိုတာ မှတ်မိသေးလား ”
ဘသိန်း ။ ။ “ ကျွန်တော့် ဆရာတွေဘဲ ကျွန်တော်သိတာပေါ့....သြော် ဆရာတို့လာတာနဲ့အတော်ဘဲ ဒီ ရာသီက ဂျီပေါက်တွေပေါတယ် ”
လှတန် ။ ။ “ အင်း....ပေါတဲ့အလုပ်တော့ မလုပ်ချင်ဘူးကွာ....မျောက်ပစ်မယ် ဦးနှောက်ဖောက်စားမယ် ”
ဘသိန်း ။ ။ “ မျောက်ကရှားတယ်ဆရာ ”
လှတန် ။ ။ “ ရှားတာကိုရအောင်ပစ်မယ်ကွာ ”
ကိုဖုန်း ။ ။ “ ဟင်....ဟုတ်တယ်ကွာ ဟုတ်တယ်....အဲဒီတော့ မောင်ဘသိန်းက အမ်.၂၂ နှစ်လက်ရယ် ကျည်ဆံများများ၊ ရိက္ခာအပြည့်အစုံနဲ့ တောထဲအထိလိုက်မယ့်အလုပ်သမားနှစ်ယောက်မင်း စီစဉ်ထားလိုက်၊ ဒို့ မနက်ဖြန်မနက်စောစောထွက်မယ် အဆင်သင့်လုပ်ထား....အခုလော လောဆယ် အရက်နှစ်လုံးထပ်ယူခဲ့ပြီးတော့ မြည်းဘို့ဆတ်သားခြောက်လေး သေချာလေး ဖုတ်ခဲ့ ”
ဘသိန်း ။ ။ “ ဆရာတို့အတွက်ဟိုမှာကြက်သားကြော်နဲ့ ကြက်ဥဟတ်ဖရိုက်ကြော်ထားတယ် ”
လှတန် ။ ။ “ ငါမကြိုက်ဘူး....ငါမကြိုက်လို့ပေါ့....မင်းထပ်လုပ်ခိုင်းတာ....မီးရဲနေတဲ့ ပေါ်မှာဖုတ် နည်း တည်းတူးသွားအောင်ပြီးတော့မှ အမည်းတွေကိုဓါးနဲ့ခြစ်ဆီလေးဆမ်းလာ....စားခါနီးမွှေးနေ အောင်နော် ”
ဘသိန်း ။ ။ “ ဟော့ မြထွေးရေ....ဆတ်သားခြောက်ဖုတ်ထားလိုက်ဟေ့ ”
လှတန် ။ ။ “ ကိုကြီးဖုန်း ဘာလိုသေးလဲ....ဘာလုပ်ချင်လဲ....လုပ်ချင်တာရှိပြောနော်....မရှိနဲ့လုပ်ချင်တာ ကိုပြောနော် ”
ကိုဖုန်း ။ ။ “ ဟား....ဟား ပြည့်စုံပါတယ်ကွာ....မင်းတို့ငါတို့က အခုလိုအပြင်ထွက်မှ စိတ်လွတ်၊ကိုယ် လွတ်ပျော်ရတာ....ပျော်ပါတယ်ကွာ....ဒါပေမယ့်ဒီမှာ ပိုပျော်တယ် ”
လှတန် ။ ။ “ ကိုကြီးဖုန်း လာလုပ်ချင်လဲ ပြော ”

လှတန်	။	။ “ အား….ရတယ် ရပါတယ် ကိုကြီးဖုန်းရာ….ကျွန်တော့်ဘ၀မှာ
မရတာတွေမဖြစ်နိုင်တာတွေ	မရှိဘူး….ကိုဘသိန်း ကိုကြီးဖုန်းက
ဒီထက်ပိုပျော်ချင်တယ်တဲ့ အဲတာ ဟိုဟာလေကွာ ”
ဘသိန်း	။	။ “ သိပြီ ဆရာ သိပြီ ဆရာ ”
လှတန်	။	။ “ ကဲ….မင်းအမြန်ဆုံးသွားရှာခဲ့ ”
ဘသိန်း	။	။ “ ကျွန်တော့်ဆရာတွေ ဘာကြိုက်တယ်ဆိုတာ
ကျွန်တော်သိပြီးသားပါဆရာ….အားလုံးအ	ဆင်သင့်ရှိပြီ ”
လှတန်	။	။ “
ဟင်….ဒီမှာရောက်နေပြီလား….ဘယ်မှာလဲ….အခန်းထဲမှာ….ဒီမှာရောက်နေပြီတဲ့….သွား
လိုက်အုံးမယ် ”
ကိုဖုန်း	။	။ “ ငါအရင်သွားမယ် ”
လှတန်	။	။ “ ခင်ဗျားက အသက်ကြီးတယ် ကြာတယ်ဗျာ ”
ကိုဖုန်း	။	။ “ ဒါဆိုကျားဆွဲမယ်….အေး အေး ဟုတ်ပြီ ”
လှတန်	။	။ “ ကျွန်တော်သွားလိုက်အုံးမယ် ”
ကိုဖုန်း	။	။ “ မရဘူးကွာ….မရဘူး ”
လှတန်	။	။ “ ဟား….ဟား ”
ကိုဖုန်း	။	။ “ လှတန်….ဟိတ်ကောင် ”
ကိုဖုန်း	။	။ “ အဲဒီလိုအမဲပစ်ထွက်တဲ့အခါမျိုးမှာ လုပ်ဖြစ်တတ်ကြတာက
မကောင်းမှုမျိုးစုံပေါ့ကွယ်….အ	ရက်ပြီး မိန်းမ….မိန်းမပြီးအရက်
အျပာ်သက်သက်ကြီးရှာကြတာပေါ့ကွာ….မကောင်းမှုမှန်း
သိပေမယ့်စွဲလန်းခဲ့ကြတယ်….ယစ်မူးတပ်မက်ခဲ့ကြတယ်….အဲဒီလိုနဲ့တခေါက်အမဲပစ်ထွ
က်	တဲ့အခါမှာ… ”
မြဝေ	။	။ “ ဦးလေးသိန်း….ဦးလေးသိန်း ”
လှတန်	။	။ “ ဘယ်သူလဲ ”
ဘသိန်း	။	။ “ ဟဲ့ မြဝေပါလား ဘာကိစ္စလဲ ”
မြဝေ	။	။ “ ဟောဒီမှာ ကိုငတူးမှာထားတဲ့ အမြည်းလာပို့တာ ”
ဘသိန်း	။	။ “ ဩော်….အေး လာလာ ”
ကိုဖုန်း	။	။ “ ဟာ….ဟိတ် နေအုံးလေ ”
လှတန်	။	။ “ ဘာမေးရမှာလဲ ပိုင်ပါတယ် ”
ကိုဖုန်း	။	။ “ ဟေ့ကောင် ဘသိန်းလာအုံး ”
ဘသိန်း	။	။ “ မဖြစ်ဘူးထင်တယ် ဆရာ ”
လှတန်	။	။ “ ငါလိုချင်တယ်….လှတန်ကို
စိတ်အနှော်င့အယှက်ဖြစ်အောင်ဘာလို့ပြောတာလဲဟင်….ငါ
လိုချင်တာကိုရအောင်ယူမယ်….အေ ဟဲ ဟဲ ဒီလိုမှပေါ့….ဟား….ဟား….ဟား ”

“ အဟင့်....ဟင့် ”

ကိုဖုန်း ။ ။ “ မရှက်မကြောက်ပြောရမယ်ဆိုရင် အဲဒီမိန်းကလေးကိုဦးလေးစွဲလန်းခဲ့မိတယ်....မိန်းကလေး တော်တော်များများကို တွေ့ခဲ့ဘူးပေမယ့် အဲဒီမိန်းကလေးကို ဦးလေး သံယောဇဉ်မဖြတ်နိုင် အောင်ဖြစ်ခဲ့ရတယ် ”

ဘသိန်း ။ ။ “ ဆရာ ဦးလှတန်မပါဘူးလား ”

ကိုဖုန်း ။ ။ “ မပါဘူးကွ....ငါမြဝေနဲ့တွေချင်လို့ တစ်ယောက်ထဲ လာခဲ့တာ ”

ဘသိန်း ။ ။ “ မြဝေ အိမ်မှာ ရှိမယ်မထင်ဘူးဆရာ ”

ကိုဖုန်း ။ ။ “ ဟာ....မတွေ့တွေ့အောင်ရှာပေးစမ်းပါကွာ....အခုမင်းသွားရှာခဲ့ ”

ဘသိန်း ။ ။ “ ဟုတ်ကဲ့ဆရာဖုန်း ”

ကိုဖုန်း ။ ။ “ မြဝေကို အကိုကြီးမခွဲနိုင်တော့ဘူးကွယ်....ဒါကြောင့်မြဝေဆီကို အကိုကြီးတယောက်ထဲ ထပ်လာခဲ့တာ....မြဝေမျက်နှာလေးကို အကိုကြီးအမြဲတမ်းမြင်ချင်နေတာ....မြဝေကိုကြီးဖုန်း ကို မချစ်ဘူးလားဟင် ပြောပါအုံး မြဝေရယ် ”

မြဝေ ။ ။ “ မြဝေမပြောတတ်ဘူး ”

ကိုဖုန်း ။ ။ “ မြဝေမပြောတတ်ရင် ကိုကြီးထပ်ပြောမယ်နော် ”

ကိုဖုန်း ။ ။ “ မြဝေဆီမကြာမကြာရောက်ခဲ့တာဘဲကွယ် အဲဒီတနေ့ နောက်ဆုံးနေ့မှာ ဦးလေးအတွက် ကြမ္မာဆိုးဝင်တယ်လို့ပြောရမှာပါဘဲကွယ် ”

ဘသိန်း ။ ။ “ သူ့ယောကျ်ားထောင်ကလွတ်လာပြီဆရာ....မဖြစ်ဘူးထင်တယ် ”

ကိုဖုန်း ။ ။ “ ဘာဘဲဖြစ်ဖြစ်ကွာ ငါ့အတွက်ကတော့မြဝေဘဲ....မြဝေကိုသာခေါ်ပေးပါ ”

လှတန် ။ ။ “ ကိုကြီးဖုန်း....မြဝေကြီးကဟောင်းသွားပြီ.....ဘာဖြစ်လို့အဟောင်းကြီးကို တမ်းတနေတာ လဲ ....အသစ်တွေအများကြီးထွက်လာပြီ....နုရွှဖတ်လို့အသစ်ကလေးတွေဟာ....အသစ်ရှာ စမ်းပါ....ဘသိန်း ”

ကိုဖုန်း ။ ။ “ မလိုချင်ဘူး....မလိုချင်လို့ကွာ....ဟိတ် ဒီမှာ ငါ့အတွက်က မြဝေ....မြဝေ....မြဝေ ဒါဘဲ.... ဘသိန်း မင်းမြဝေကို မရရအောင်ခေါ်ပေး...သွားခေါ် ”

လှတန် ။ ။ “ သွားလေ....မဖြစ်ဘူးတဲ့စကားဒီမှာလာမပြောနဲ့ ရအောင်သွားခေါ်ခဲ့....ကိုကြီးဖုန်းစိတ်ချမ်း သာအောင်လုပ်ပေးလိုက်တော့....ကျန်တဲ့ဟာ ငါရှင်းမယ်ကွာ....မရဘူးဆိုတာဒီမှာလာမပြော နဲ့ ”

ဘသိန်း ။ ။ “ ဟုတ်ကဲ့...ဆရာ ”

ကိုဖုန်း ။ ။ “ ဟောကောင်....မြဝေပါအောင်ခေါ်ခဲ့နော် ”

လှတန် ။ ။ “ ဟာ ကိုကြီးဖုန်းကလည်း ဟိုမှာသွားခေါ်နေပြီ ”

ယောကျ်ား ။ ။ “ ဟော့ကောင်....လှတန် လှတန် ”
မြဝေ ။ ။ “ အစကတဲက
မြဝေပြောတယ်မဟုတ်လား....အခုတော့ဒုက္ခရောက်ကုန်ပြီ....ဘယ်လိုလုပ်ကြ
မလဲ....ဒုက္ခပါဘဲ ”
ယောကျ်ား ။ ။ “ ငါ့မိန်းမဘယ်မှာလဲကွ....မင်းတို့ဘာလုပ်နေတာ
ငါအကုန်သိတယ်ကွ....ထောင်ကထွက် လာတာငါ
မကြာသေးဘူး....ပြန်ဝင်ရမှာလည်းမကြောက်ဘူး နားလည်လား....ငါလူသတ်မိ
လိမ့်မယ် ”
လှတန် ။ ။ “ ဟာ ဘာလို့ဒီလောက်အော်နေရတာလဲ....ဘာလုပ်ချင်လဲ ”
ယောကျ်ား ။ ။ “ ကျုပ်မိန်းမဒီကိုရောက်နေတယ်လို့ကြားတယ် ”
လှတန် ။ ။ “ ဘယ်သူလဲ ”
ယောကျ်ား ။ ။ “ မြဝေ....မြဝေ ”
လှတန် ။ ။ “ ရှိတယ်....ရှိတယ်....လာပါ အထဲဝင်
သိပ်အော်မနေနဲ့ဘေးကကြားမကောင်းပါဘူး....အေး အေး
ပြောလည်းရပါတယ်....ကဲ ဘာဖြစ်ချင်လဲ ”
ယောကျ်ား ။ ။ “
ကျုပ်မိန်းမကိုလှတန်ဆိုတဲ့အကောင်စော်ကားနေတယ်လို့ကျုပ်ကြားတယ်....အဲတာလှတန်
ဆိုတဲ့ကောင်ကို ကျုပ်တွေ့ချင်တယ် ”
လှတန် ။ ။ “ လှတန်ဆိုတာ ငါဘဲ ”
ကိုဖုန်း ။ ။ “ အဲဒီအကောင်ကို သတ်ပစ် ”
လှတန် ။ ။ “ ကဲ ဘယ်လိုလုပ်ကြမလဲ ”
ကိုဖုန်း ။ ။ “ ဘာလုပ်ရမှန်းတောင်မသိတော့ပါဘူး မောင်လှတန်ရယ် ”
လှတန် ။ ။ “ ဘာလုပ်ရမှန်းမသိရင် ကျွန်တော်ကြည့်ရှင်းလိုက်မယ်....ဒါ
ပေမယ့်ဒီကိစ္စ....”
ကိုဖုန်း ။ ။ “ မဟုတ်ဘူး မောင်လှတန်....ပြဿ
နာမပေါ်အောင်သာလုပ်ပေးစမ်းပါကွာ....မင်းလိုချင်တာ
ငါပေးမယ်....အိုကွာ နောက်ဆုံးကုန်ကုန်ပြောမယ်
ငါ့အသက်ကိုလိုချင်တယ်ဆိုလဲပေးမယ်”
ကိုဖုန်း ။ ။ “ မောင်လှတန်က အဲတာကို အခွင့်အရေးယူပြီးတော ဘေးဘီကို
မပေါက်ကြားစေချင်ရင်ဦး လေးရဲ့ ဒီတိုက်နဲ့ ဒီလုပ်ငန်းတွေကို
သူ့ဆီမှာသိန်းငါးဆယ်နဲ့ပေါင်ထားတယ်ဆိုတဲ့စာချုပ် ကို
လက်မှတ်ထိုးခိုင်းတယ်....ဦးလေးလည်း သွေးပူနေတုန်းဆိုတော့ ဘာလုပ်ရမှန်းမသိဘဲ
သူခိုင်းသမျှကို လုပ်ပေးလိုပ်မိတယ်....အခုတော့ အဲဒီစာချုပ်နဲ့...”

ကိုတူး ။ ။ “ ဦးလေး ကျွန်တော်သဘောပေါက်ပါပြီ
ဦးလေးရယ်....ကျွန်တော်နားလည်ပါပြီ ”
ကိုဖုန်း ။ ။ “ တကယ်တော့ သမီးလေးပုံ့ပုံ့ဟာ ဦးလေးနဲ့တအိမ်သားလုံးအတွက် သူ့ကိုယ်သူအနစ်နာ
ခံသွားရှာတာပါ....ဒီကိစ္စကိုသူ့အမေတောင်မသိပါဘူး....ဒါကြောင့်ငါ့တူအနေနဲ့ သမီးလေး ပုံ့ပုံ့ကို....”
ကိုတူး ။ ။ “ ကျွန်တော်ခွင့်လွှတ်ပါတယ်
ဦးလေး....ပုံ့ပုံ့ကိုကျွန်တော်ခွင့်လွှတ်ပါတယ်....မိသားစုအ တွက် အနစ်နာခံတာ ကျွန်တော်သိလိုက်ရတော့ ကျွန်တော့်ရင်ထဲမှာ ထိခိုက်နာကျင်နေပေ
မယ့် ကျွန်တော်ခွင့်လွှတ်လိုက်ပါပြီ ”
ကိုဖုန်း ။ ။ “ ကျေးဇူးတင်ပါတယ်....သာဓု သာဓု သာဓု သမီးလေးပုံ့ပုံ့ကို အတူးအနေနဲ့ နားလည်ခွင့် လွှတ်တာကို ဦးလေးအရမ်းကျေးဇူးတင်ပါတယ် ”
ကိုတူး ။ ။ “ ကျွန်တော့်ကိုခွင့်ပြုပါအုံး ”
ပုံ့ပုံ့ ။ ။ “ ကိုတူး ပုံ့ပုံ့ကို ခွင့်လွှတ်ပါတယ်နော် ”
ကိုတူး ။ ။ “ ခွင့်လွှတ်တယ်ဆိုတာ မှန်မြတ်တယ်လို့အများကပြောနေကြပေမယ့်ခွင့်လွှတ်ခြင်းရဲ့နောက်
ကွယ်မှာ စွန့်လွှတ်ခြင်း၊ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်းတွေရှိနေတယ် ”
ပုံ့ပုံ့ ။ ။ “ ပုံ့ပုံ့သိပါတယ်ကိုတူးရယ်....ဒါကြောင့်လည်းကိုတူးဆီက ခွင့်လွှတယ်ဆိုတာ မလိုချင်လို့ ကိုတူး ပုံ့ပုံ့ကိုနာကြည်းသွားအောင်ရွံရှာမုန်းတီးသွားအောင်လုပ်ခဲ့မိတာပါ....ဖေဖေကတော့
ကိုတူးပုံ့ပုံ့ကို ခွင့်လွှတ်နားလည်စေချင်တယ်တဲ့ ”
ကိုတူး ။ ။ “ ကိုတူးနားလည်ပါတယ်ပုံ့ပုံ့....ပုံ့ပုံ့ကိုလည်း ကိုတူးခွင့်လွှတ်တယ်....ဦးလုတန်ကိုလည်း ပုံ့ပုံ့တကယ်ချစ်လို့ ယူတာဘဲ ဖြစ်စေချင်တယ်....ပုံ့ပုံ့တသက်လုံးစိတ်ချမ်းသာသွားစေချင်
တယ်....အဲတာ ကိုတူးဆန္ဒဘဲ ”
ပုံ့ပုံ့ ။ ။ “ ကိုတူးရယ် ”
ကိုတူး ။ ။ “ မငိုပါနဲ့ပုံ့ပုံ့ရယ် ”
ပုံ့ပုံ့ ။ ။ “ ဟိုလေ ကိုတူးဘာပြောချင်လို့လဲ....ကိုတူးပြောချင်တဲ့ ကိုတူးရင်ထဲက စကားတွေကို ပုံ့ပုံ့ နားထောင်ချင်ပါတယ် ”
ကိုတူး ။ ။ “ ကိုယ့်ရင်ထဲမှာ ပြောချင်တဲ့စကားတွေကိုသာပြောရမယ်ဆိုရင် ပုံ့ပုံ့ကို ကိုတူးတသက်ကုန် နိုင်မှာတောင်မဟုတ်ဘူး....ဒါပေမယ့် ကိုယ်ဘာမှမပြောချင်တော့ဘူး....မနက်ဖြန်ဘဲ ကိုယ်ဒီ
မြေကထွက်သွားတော့မယ်....ဒီမြေပတ်ဝန်းကျင်မှာ

ကိုယ်မနေချင်တော့ဘူး....ပုံ့ပုံ့ရဲ့အငွေ့

အသက်တွေလွှမ်းယှက်နေတဲ့ဒီနေရာမှာ ကိုယ်ဆက်နေနိုင်စွမ်းရှိမှာ မဟုတ်ဘူး....ဒီမြေကို ကိုယ်ပြန်မနင်းတော့တဲ့အတွက် ပုန့်ပုန့်ကိုယ့်ကို ခွင့်လွှတ်ပါ....ဒီနေ့ညဟာပုံ့ပုံ့နဲ့ကိုယ်တို့

ရဲ့နောက်ဆုံးညဘဲနော် ”

ပုံ့ပုံ့ ။ ။ “ ဟုတ်တယ်နော် မောင်....ပုံ့ပုံ့နဲ့ကိုတူး နောက်းဆုံးတွေ့ဆုံခွင့်အခွင့်အရေးရတုန်းပုံ့ပုံ့ဘဝ မှာ ပထမဆုံး မောင်လို့ခေါ်လိုက်ပါရစေနော် ”

ကိုတူး ။ ။ “ ပုံ့ပုံ့ရယ် ”

ပုံ့ပုံ့ ။ ။ “ တသက်လုံးပြောလို့ကုန်နိုင်မှာ မဟုတ်ဘူးဆိုတဲ့မောင့်ရင်ထဲက စကားတွေကို မပြောတော့ ဘူးလားမောင် ”

ကိုတူး ။ ။ “ မောင့်ရင်ထဲမှာဘာတွေရှိတယ်ဆိုတာ မပြောဘဲနဲ့ ပုံ့ပုံ့မသိနိုင်ဘူးလား ”

ပုံ့ပုံ့ ။ ။ “ ပုံ့ပုံ့သိပါတယ်မောင်....ဒါပေမယ့်မောင့်ပါးစပ်ကဖွင့်ပြောတာကို ပုံ့ပုံ့ကြားချင်လို့ပါ....

မောင်ပြောတဲ့စကားတွေကိုတသက်လုံးရင်ထဲမှာသိမ်းထားချင်လို့ပါမောင်ရယ် ”

ကိုတူး ။ ။ “ တယောက် နဲ့တယောက်ခွဲခွာရတော့မယ့်လမ်းဆုံး လမ်းဝွရောက်နေမှတော့ သံယောဇဉ်

နှောင်တွယ်စကားတွေကိုပြောနေရင် နှစ်ဦးစလုံးရင်နာစရာကလွဲလို့ ပေါင်းဆည်းလို့ရမှာမှ

မဟုတ်ဘဲ....ကိုယ့်ဆန္ဒကတော့လေပုံ့ပုံ့ရဲ့ဘဝတလျှောက်လုံးအပျော်အပြုံးတွေနဲ့ ထာဝစဉ် ရွှင်လန်းနေစေချင်တယ် ”

ပုံ့ပုံ့ ။ ။ “ ချစ်ခင်နှစ်သက်တဲ့သူနဲ့ မပေါင်းရတဲ့ဆင်းရဲဒုက္ခ ၊ မချစ်မနှစ်သက်တဲ့သူနဲ့ပေါင်းရတဲ့ဒုက္ခ ဆင်းရဲ၊ ဆင်းရဲခြင်းဒုက္ခ နှစ်မျိုးစလုံးကို တပြိုင်ထဲခံစားသွားရမယ့် ပုံ့ပုံ့ရဲ့ရင်ထဲမှာ အပျော်

တွေ အပြုံးတွေ မရှိတော့ပါဘူးမောင် ”

ကိုတူး ။ ။ “ ပုံ့ပုံ့ရယ် ”

ပုံ့ပုံ့ ။ ။ “ မောင်နဲ့ခွဲသွားတဲ့အခါမှာ မောင်နဲ့တပြိုင်တည်း ပါသွားတော့မှာ ”

ကိုတူး ။ ။ “ ပုံ့ပုံ့ရယ်....အတူနေရတဲ့စက္ကန့်လေးတွေကို မျက်ရာ်မစိုစေပါနဲ့ပုံ့ပုံ့ရယ် ”

ပုံ့ပုံ့ ။ ။ “ ပုံ့ပုံ့မျက်ရည်တွေဟာမောင့်ရင်ကိုပူလောင်စေတယ်ဆိုရင်ပုံ့ပုံ့မငိုတော့ပါဘူးမောင်....ပုံ့ပုံ့

ဘယ်တော့မှမငိုတော့ဘူးနော်....မောင်ဘယ်လိုဖြစ်တာလဲဟင်ပုံ့ပုံ့ကိုဘာများမကျေမနပ်ဖြ ဖြစ် တာလဲ ”

ကိုတူး ။ ။ “
မကျေနပ်စရာမရှိပါဘူး....ကျေနပ်လွန်းလို့ရင်နာတာ....ပုံ့ပုံ့ကိုမောင်အပြီးတိုင်စွန့်လွှတ်ရတော့မယ်....တသက်လုံးဝေးကြတာတောင်မှ ဒီညပုံ့ပုံ့နဲ့မောင်
ချစ်သူနှစ်ဦးစလုံးနောက်ဆုံး နှုတ်ဆက်တဲ့ညဖြစ်သလို
ပုံ့ပုံ့တပါးသူရင်ခွင်ထဲ တိုးဝင်မယ့် ကြိုဆိုတဲ့ညလည်းဖြစ်တယ် ပုံ့ပုံ့ကို
မောင်ဘယ်လောက်ချစ်တယ်....ဘယ်လောက်ပေးဆပ်ရဲတယ်ဆိုတာ မောင်သိပါတယ်....ဒီညတော့ မောင်တသက်လုံးမမေ့တော့ဘူး....မေ့လို့ရမှာလည်း
မဟုတ်တော့ဘူး.... မေ့ဖျောက်လို့မရတဲ့ဒီညကို
စိတ်သန့်ရှင်းတဲ့ည အပြစ်ကင်းစင်တဲ့ညအဖြစ်မောင်ဖြစ်စေချင် တယ် ”
ပုံ့ပုံ့ ။ ။ “ မောင်ရယ် ”
ကျား ။ ။ “ အင် ဦးလှတန်ကြီး ဘယ်လောက်ခြေသွက်လက်သွက်ရှိတယ်ဆိုတာ
ကျွန်တော်တို့သိပြီး သားပါဗျာ ”
ကျား ။ ။ “ ငယ်ပေါင်းတွေဘဲဗျာ....ပြောစရာမလိုပါဘူး....အဲအခုဟာက
ခင်ဗျားခြေချော်လက်ချော်ဖြစ် ပြီး ကျန်ရစ်ဖြစ်မှာစိုးလို့
ကျွန်တော်ကပြောတာ ”
ကျား ။ ။ “ ဟုတ်ပါတယ်ဗျာ.... ကျွန်တော်တို့က စေတနာနဲ့ပြောတာ ”
လှတန် ။ ။ “ လှတန်ကြီးကို
စိုးရိမ်နေတာလား....မိန်းမဆိုတာဘာသားနဲ့ထုထားတာမို့လဲ....လှတန်ကြီးရင်ဘတ်ထဲက လွတ်သွားတဲ့သားကောင်ဆိုတာ ရှိခဲ့ဘူးလို့လား....စဉ်းစားပါအုံး ”
ကျား ။ ။ “
မရှိပါဘူး....မရှိပါဘူးဦးလှတန်ရဲ့လက်ကလွတ်သွားတဲ့သားကောင်တကောင်မှမရှိခဲ့ပါဘူး”
ကျား ။ ။ “ ဒါပေမယ့် ဦးလှတန် တခါတရံမုဆိုးက
သားကောင်ဖြစ်တတ်တယ်နော်....သားကောင်က မုဆိုးဖြစ်ရင်
မလွယ်ဘူးနော်....ဒီကောင်မလေးကျမှ ခင်ဗျားအချိန်တွေဆွဲနေတာ ကျုပ်တို့အံ့ဩတယ်ဗျာ....အံ့ဩတယ် ”
ကျား ။ ။ “ သူ့အဖေကြီးက
သဘောတူမှတော့ကိုယ့်လက်ခုပ်ထဲကရေဖြစ်နေမှတော့သောက်ချင်လည်းသောက်ပလိုက်
သွန်ချင်လည်းသွန်ပစ်လိုက်ပေါ့ဗျာ....ကျုပ်တို့ကြည့်ရတာအားမရဘူးဗျာ ”
လှတန် ။ ။ “ ကောင်မလေး ကောင်မလေးလို့မခေါ်ပါနဲ့ နာမည်ရှိပါတယ်
ပုံ့ပုံ့တဲ့....ဟား ဟားနာမည် လေးကြားရုံနဲ့ရင်ခုန်တယ်
နာမည်လေးက ချစ်စရာလေးဗျ....အမှန်အတိုင်းပြောရရင်တော့ဝန်ခံရရင်ပေါ့ အခုလုပ်နေတဲ့ စီးပွားရေးလုပ်ငန်းကို တခုမှ
စိတ်မဝင်စားဘူး....တချိန်လုံး သူ့ဘဲသတိရနေတာ ”

ကျား ။ ။ “ အချစ်ဆိုတာ ကတုံကရိကြီးဖြစ်တာကို ခေါ်သလားဗျာ ”
ကျား ။ ။ “ ဟား....ဟား ဦးလှတန် ခင်ဗျား ဘယ်လိုဖြစ်တာလဲ ”
ကျား ။ ။ “ ဒါမျိုးမတွေ့ဘူး မထိဘူးတာလည်း မဟုတ်ဘဲနဲ့ အခုမှ အနုအရွလေးတွေပြောလို့ဘယ်လို ဖြစ်နေတာလဲ ”
လှတန် ။ ။ “ မဆိုင်ဘူးဗျာ အရင်က ကျုပ်တွေ့ဘူးတယ်ဆိုတဲ့မိန်းမတွေအထဲမှာ ဘာမှမကျန်ဘူး ဖြတ် တာမဟုတ်ဘူးနော်....သူ့ဟာသူပြတ်တာ ”
ကျား ။ ။ “ ဟုတ်ပါပြီ....ဟုတ်ပါပြီ ”
လှတန် ။ ။ “ ဒီကောင်မလေးကျတော့ ကျုပ်တယောက်ထဲကို အပိုင်လိုချင်တာ.... အင်း ကျုပ်ကိုလည်း ကောင်မလေးကို အပိုင်ပေးချင်တာ ”
ကျား ။ ။ “ ဟုတ်မှလည်းလုပ်ပါဗျာ ဦးလှတန်ရဲ့....ခင်ဗျားပွဲ့ပွဲ့ဆိုတဲ့ကောင်မလေးကို ခင်ဗျားရင်ခွင် အပြီးအပိုင်မပေးရသေးလို့ ခင်ဗျားဒီစကားမျိုးပြောနေတာ ဖြစ်မှာ....ပြီးတော့လည်း ခင်ဗျား အရင်လမ်းအို လမ်းဟောင်းကြီးအတိုင်းဘဲ ခင်ဗျားရောက်သွားမှာဘဲ ”
လှတန် ။ ။ “ ဟာ....မဟုတ်ဘူး....မဟုတ်ဘူး....လုံးဝမဟုတ်ဘူး ကျုပ်နဲ့ပတ်သက်ခဲ့ဘူးတဲ့မိန်းမတွေနဲ့ မဆိုင်ဘူး....ဒါကြောင့် ဒီကောင်မလေးကို လက်ဖျားနဲ့တောင် မတို့သေးဘူး.... သူကကျွန် တော့်ရဲ့ သတ်သတ်ကိုဖြစ်နေတာ....သတ်သတ်ကိုထားတာ....အဲဒီကောင်မလေးကိုယူရင် ချင်ဗျားတို့မရယ်နဲ့နော်
သူ့ကိုအပိုင်လိုချင်တာ....တသက်လုံးသူ့မျက်နှာလေးကိုဟောဒီလို တစိမ့်စိမ့်ကြည့်ချင်တာ....ကျုပ်အဲဒီလိုတနသက်လုံးနေချင်တာဗျာ....ဟား....ဟား...မရ ယ်နဲ့ နော်....ကျွန်တော်တကယ်ပြောတာ ”
ကျား ။ ။ “ ကျွန်တော်မယုံဘူးဗျာ....ဒါပေမယ့် ခင်ဗျားကျုပ်တို့ကို အတည်ကြီးပြောနေလို့ ကျုပ်တို့ အံ့သြတယ်ဗျာ ”
လှတန် ။ ။ “ ကျုပ်နောက်ထပ်ပြောမယ့် စကားကိုကြားရင် ခင်ဗျားတို့ပိုတောင်အံ့သြမယ်....လှတန်ဆို တဲ့ကောင်ကြီးဟာ သူလိုချင်ပြီဆိုရင် ရအောင်ယူတတ်တာ ခင်ဗျားတို့သိတယ်နော်....ဘယ် သူငြင်းမလဲ ”
ကျား ။ ။ “ အညွင်းပါဘူး....အဲ မငြင်းပါဘူး ”
လှတန် ။ ။ “ အဲဒီကောင်မလေးကျတော့ ကျုပ်က အဲဒီလိုမထားဘူး....ပုံ့ပုံ့ကကျုပ်ကို ကျေကျေနပ်နပ် ကြီးပေးမှယူမှာ
မအုန်း ။ ။ “ ဟဲ့ ဟဲ့ သမီး ငါ့လည်းတိုက်မိမယ်....ညည်းဘယ်သွားမလို့လဲ တနေ့တနေ့ ဒါဘဲလုပ် တခြားဘာမှ ငါ့သမီးမလုပ်နဲ့....မမကောဘယ်သွားသလဲ အင် အေ အေ ငါညည်းအဖေဘဲ မေးမယ်နော်....ဒီခါးပေါက်တဲ့အလုပ်ဘဲ အလုပ်ကြီးအကိုင်ကြီးအဖြစ်လုပ်နေတယ် ”

မအုန်း ။ ။ “ ပုံ့ပုံ့မရှိဘူး ဘယ်သွားသလဲ ”
ကိုဖုန်း ။ ။ “ မောင်လှတန်ခေါ်သွားတယ်....မြို့ထဲခဏတဲ့ ”
မအုန်း ။ ။ “ ဟင်.... မောင်လှတန်နဲ့မြို့ထဲလိုက်သွားတယ်....ရှင်ကခွင့်ပြုလိုက်တယ်
အံ့ပါတယ် ကိုရွှေ ဖုန်းရယ်....ကိုယ့်သမီးအပျိုအရွယ်နုနုထွတ်ထွတ်ကို ကျားပါးစပ်ထဲ
ထည့်ပေးလိုက်တယ်လို့ ရှင်....သမီးလေးနဲ့မောင်လှတန်ကို
နှစ်ယောက်ထဲလွှတ်ပေးနေတာကြာပြီ....အဲတာ ဘာသ ဘောလဲ
ကျုပ်ကလုံးဝမကြိုက်ဘူး....ကိုရွှေဖုန်း တော်က မောင်လှတန်နဲ့သမီးကို ပေးစား
မလို့များစဉ်းစားနေပြီလား ”
ကိုဖုန်း ။ ။ “ မဟုတ်ပါဘူး
မအုန်းမေရယ်.....မင်းကလည်းဒေါသကြီးလှချည်လား....သမီးပုံ့ပုံ့ရဲကဆန္ဒ
မပါဘဲ ငါဘာကိုမှ
အတင်းအကြပ်မလုပ်ပါဘူး....သမီးလေးရဲ့အိမ်ထောင်ရေးကိစ္စကိုသမီး
ရဲ့ဆန္ဒအတိုင်းဘဲ ဖြစ်စေရမယ် ”
မအုန်း ။ ။ “ မဟုတ်သေးပါဘူး ကိုရွှဖုန်းရယ် တော်ပြောနေတဲ့စကားဟာ
အဖေတယောက်ကို လုံးဝမပီသ ဘူး....ကိုယ်သမီးလေး ဆုံးဖြတ်တာကို
မှန်မှန် မမှန်မှန် ရှင်က လက်ပိုက်ကြည့်နေမယ့်
သဘောလား....ဟင် မိဘတို့ဝတ္တရားထိမ်းမြားခြင်းဆိုတာ
ရှင်မှတ်မိသေးရဲ့လား....ကျုပ်က
တော့အမေတယောက်အနေနဲ့အတတ်နိုင်ဆုံးကာဆီးရမှာဘဲ....မောင်လှတန်လိုလူတယေ
ာက် ကို ကျုပ်သမီးကမိုက်မိုက်မဲမဲ ကြိုက်ပါတယ်လို့ပြောလာရင်လေ
ကျုပ်ကဘယ်နည်းနဲ့မှ
သဘောမတူနိုင်ဘူး....ပေးလည်းမပေးစားနိုင်ဘူး ရှင်သိထားဘို့ ”
စိန်အုန်း ။ ။ “ ဘယ်သူနဲ့တွေ့ချင်လို့လဲ ”
ပုံ့ပုံ့ ။ ။ “ ဦးလှတန်ရှိပါသလား ”
စိန်အုန်း ။ ။ “ ဩော် ရှိတယ်....ရှိတယ် ဘယ်သူလို့ပြောလိုက်ရမလဲ ”
ပုံ့ပုံ့ ။ ။ “ ပုံ့ပုံ့လို့ပြောလိုက်ပါ ”
စိန်အုန်း ။ ။ “ ဩော် ဒါဆိုခဏထိုင်အုံးဗျာ ”
စိန်အုန်း ။ ။ “ ဆရာကောင်မလေးတယောက်ရောက်နေတယ် ပုံ့ပုံ့တဲ့ ”
လှတန် ။ ။ “ ဟာ....ပုံ့ပုံ့ဟာ ထမင်းစားပြီးပြီလား....ထမင်းစားမလား
အိုက်နေပြီထင်တယ် ”
ပုံ့ပုံ့ ။ ။ “ ဦးလှတန်ကို ပြောစရာရှိလို့ပါ ”
လှတန် ။ ။ “ ပြော....အကိုကြီးပုံ့ပုံ့အတွက်ဘာလုပ်ပေးရမလဲ ”

ပုံ့ပုံ့ ။ ။ “ ဘာမှလုပ်ပေးစရာမလိုပါဘူး....ဦးလှတန်အတွက်သာ
ပုံ့ပုံ့လာခဲ့တာပါ....ဦးလှတန် အလို ကျဖြစ်ဘို့
ပုံ့ပုံ့အဆင်သင့်ဖြစ်နေပါပြီ....အဲတာလာပြောတာ ”
လှတန် ။ ။ “ ဟား ဟား....ဟုတ်ပြီ ဟုတ်ပြီ
အကြီးအကျယ်မင်္ဂလာဆောင်မယ်....အခမ်းနားဆုံး မြန်မာ နိုင်ငံမှာ
ဘယ်သူမှတခါမှ မလုပ်ဘူးသေးတဲ့ မင်္ဂလာဆောင်မျိုးကို လုပ်ပစ်လိုက်မယ်....ကဲ
ပြော ပုံ့ပုံ့ဆန္ဒရှိရင်ပြော ဘာလုပ်ချင်လဲ ”
ပုံ့ပုံ့ ။ ။ “ ဘာမှမလုပ်ပါနဲ့ဦးလှတန်....ဦးလှတန်ပုံ့ပုံကို လိုချင်တယ်မဟုတ်ဘား
ဦးလှတန်လိုချင်တဲ့ နေ့ ပုံ့ပုံ့ကို လာခေါ်ပါ ”
လှတန် ။ ။ “ ခေါ်ချင်တာ ပုံ့ပုံ့ကို အကိုကြီးရင်ခွင်ထဲကို
ခေါ်ချင်တာ....ဟိုအနောက်မှာကျန်ခဲ့ပြီ....ကြာ လှပြီခေါ်ချင်နေတာ....
သိက္ခာမရှိတဲ့နည်းနဲ့တော့ ပုံ့ပုံ့ကို အကိုကြီးမယူချင်ဘူး.... ခမ်းခမ်း
နားနားကြီးကြီးကျယ်ကျယ်ကြီးကို လုပ်ပလိုက်မှာ ”
ပုံ့ပုံ့ ။ ။ “ မဖြစ်နိုင်ဘူး ဦးလှတန် ဒီကိစ္စတွေ မေမေဘာမှမသိသေးဘူး....မေမေသိရင်
ရင်ကျိုးပြီးသေ သွားလိမ့်မယ်....ဒီတော့ဖေဖေစိတ်ချမ်းသာအောင်
ဖေဖေနဲ့မေမေမျက်နှာမပျက်ရအောင်လို့ ပြီးတော့
ဦးလှတန်ရဲ့လက်ထဲမှာရှိနေတဲ့ ဖေဖေ့ရဲ့အနာဂတ်တွေ မိသားစုတခုလုံးရဲ့ကံကြမ္မာ
အတွက်ပုံ့ပုံ့ရဲ့ဘဝနဲ့ပေးဆပ်ဘို့
ဦးလှတန်ဆီပုံ့ပုံ့လာခဲ့တာ....ဦးလှတန်အလိုဆန္ဒပြည့်ရင် ကျေနပ်ပါတော့
”

လှတန် ။ ။ “ ဟာ ဝမ်းသာလိုက်တာပုံ့ပုံ့ရယ် တသက်လုံးအကိုကြီးဘဝမှာ
ဒီနေ့ဒီအချိန်လေးက ကံ
အကောင်းဆုံးဘဲပုံ့ပုံ့သိအောင်ပြောချင်တာ....ပုံ့ပုံ့လေးဟာအကိုကြီးရဲ့စိတ်ထဲမှာရောက်
နေ တာကြာပြီ....ကြာနေပြီ....ဒီကနေ့ပုံ့ပုံ့အကိုကြီးရဲ့ရင်ထဲကို ဟိုဟာထဲကို
တိုးလာတော့မယ် ဆိုတော့
ဘယ်လိုပျော်မှန်းတောင်မသိတော့ဘူး....သိပ်ဝမ်းသာတယ်ဆိုတာဘဲ....ဒီကနေ့က
စပြီးတော့ အကိုကြီးရဲ့စိတ်ကမ္ဘာမှာ ပုံ့ပုံ့လေးဟာ စိတ်တိုင်းကျခြယ်လှယ်တော့ ”
ပုံ့ပုံ့ ။ ။ “ အို လွှတ်ပါ ”
လှတန် ။ ။ “ ဘာလဲ....ငါလှတန်နော်....လှတန် ဦးလှတန်
လာပေးတယ်လည်းပြောသေးတယ်....ယူပြန်
တော့လည်းကန့်ကွက်တယ်....ဘာလဲ မင်းငါ့ကို
အရူးလုပ်နေတာလား....အရူးလုပ်တာလား
ဦးလှတန်ခေါ်ချင်တဲ့အချိန်ခေါ်ပါဆို ဘာလဲ ”

ပုံ့ပုံ့ ။ ။ “ ကျွန်မဦးလှတန်အတွက်
တကယ်အဆင်သင့်ဖြစ်နေတာပါ....ဒါပေမယ့်လူဖြစ်ပြီး လူစဉ်မမှီ
တဲ့ ကျွန်မညီမလေးဖြူဖြူနဲ့မခွဲခွာခင် သူ့မျက်နှာလေးကို
ကျွန်မတဝကြီးကြည့်ချင်တယ်.... အဲတာကြောင့်ကျွန်မကို
တညတော့ခွင့်ပြုပါဦးလှတန် ”
လှတန် ။ ။ “ ဩော် ဒါများ
အဲဒီလိုရှင်းရှင်းပြောလိုက်ပြီးတာဘဲ....ပေးတာကိုယူမိလို့စိတ်ဆိုးသွားတာ
လားလို့မေးရင်စိတ်ကိုဆင်းရဲသွားတာဘဲ....အောင်မလေး
တော်ပါသေးရဲ့....ဟား....ဟား.... သွား....သွားတညမကဘူး
စိတ်တိုင်းကျတာနေ....ရှင်းပြီဆိုမှပြန်လာ....အဲ အကြာကြီးတော့
မလုပ်နဲ့နော်....ဦးလှတန်ကလွမ်းတတ်တယ် ”

## မင်းလုပ်သမျှကျေနပ်တယ် ( ဒုတိယပိုင်း )

ဖြူဖြူ ။ ။ “ မမပုံ့ ဦးလှတန်ကိုမယူနဲ့နော်....ဖြူဖြူကိုချစ်ရင်
ဖြူဖြူ့စကားနားထောင်ပါ ”
ပုံ့ပုံ့ ။ ။ “ ဦးလှတန်ကို မမမယူချင်ပါဘူး
ညီမရယ်....ချစ်လည်းမချစ်ဘူး....ဒါပေမယ့်သူ့ကို မလွန်
ဆန်နိုင်တဲ့အကြောင်းတွေရှိနေတယ် ဖြူဖြူ....ညီမလေးတို့မသိပါဘူး ”
ဖြူဖြူ ။ ။ “
ဘာဘဲဖြစ်ဖြစ်မယူပါနဲ့မမပုံ့ရယ်....အကြောင်းရှိရင်မေ့မေ့ကိုပြောပေါ့....မေမေကဘာမဆို
ကူညီမှာ ”
လှတန် ။ ။ “ စိန်အုန်းရေ....စိန်အုန်း ပူသလိုလို ချမ်းသလိုလိုနဲ့
ငါရေချိုးချင်တယ်....သွားမျက်နှာသုတ် ပုဝါသွားယူ ”
စိန်အုန်း ။ ။ “ ရှော့....ဆရာ ”

လှတန်　　။　　။ “ မသောက်ဘူးကွာ....ပုံ့ပုံ့မကြိုက်ဘူး ”
စိန်အုန်း　　။　　။ “
ဆရာကလည်းအမြဲသောက်နေကျဟာကို....ဆရာမသောက်ဘဲနေနိုင်လို့လား ”
လှတန်　　။　　။ “
သွား....ပြန်ယူသွား....မျက်နှာသုတ်ပဝါဘဲသွားယူငါရေးချိုးလိုက်ရင်ကောင်းသွားမယ့်ဟာ”
စိန်အုန်း　　။　　။ “ ဆရာကလည်း
အငိုက်ပြေချလိုက်ပါ....ဘယ်သူမှသိမှာမဟုတ်ပါဘူး....ဆရာ့ကြည့်ရတာ
မအီမလည်ကြီးနဲ့....ဆရာဖြုန်ကနဲဖြတ်ရင် ဆရာခံရမှာနော် ”
လှတန်　　။　　။ “ မချဘူးကွာ
မချဘူး....နည်းနည်းလည်းမသောက်ဘူးများများလည်းမသောက်ဘူး....ပုံ့ပုံ့က
အရက်သောက်တာမကြိုက်ဘူးကွ....ခံမယ်ကွာဘာဖြစ်တုန်း....ဒီနေ့ကစပြီးမင်းငါ့ကိုအရက်　　ဝယ်ပေးတာတို့ အမြည်းဝယ်ပေးတာတို့
မလုပ်နဲ့တော့....အရက်ပုလင်းကိုဒီအိမ်မှာတလုံးမှ　　မထားနဲ့
ငါမမြင်ချင်ဘူး....ရှင်းပလိုက် ဒီအိမ်ကိုလည်း အိမ်နဲ့တူအောင် သန့်သန့်ရှင်းရှင်း
သပ်သပ်ရပ်ရပ်လုပ်ထားကွ ”
စိန်အုန်း　　။　　။ “ ဘာဖြစ်လို့လည်းဆရာ ”
လှတန်　　။　　။ “ မနက်ဖြန်ဆိုရင် ငါ့ရင်ထဲကို
ပုံ့ပုံ့ရောက်လာတော့မယ်....ပုံ့ပုံ့မကြိုက်တဲ့အရက်ကိုလည်း
ငါမသောက်တော့ဘူး....ပုံ့ပုံ့ကအရက်သောက်တာမကြိုက်ဘူးကွ....နောက်ပြီးတော့
ပြန်ယူ　　သွားတော့ ငါဒီကနေ့ကစပြီး အရက်မသောက်တော့ဘူး ”
ပုံ့ပုံ့　　။　　။ “ ဖေဖေ ”
ကိုဖုန်း　　။　　။ “ ဘာလဲ သမီး ”
ပုံ့ပုံ့　　။　　။ “ ဖေဖေ့ကို သမီးပြောစရာရှိတယ် ”
ကိုဖုန်း　　။　　။ “ ပြောစရာရှိတာ ပြောပါသမီးရယ် ”
ပုံ့ပုံ့　　။　　။ “ သမီးလေ ဦးလှတန်ဆီသွားရတော့မယ် ”
ကိုဖုန်း　　။　　။ “ ဘယ်လိုပြောလိုက်တယ်သမီး ”
ပုံ့ပုံ့　　။　　။ “ အခုလက်ရှိအခြေအနေက
ဒီအချိန်ထက်ပိုဆွဲပြီးထားလို့မကောင်းတော့ဘူးဖေဖေ....ကြာရင်
မေမေဒီထက်ပိုပြီးတင်းမာလာလိမ့်မယ်....အဲဒီကျတော့
ဖေဖေဘဲပိုပြီးစိတ်ဆင်းရဲရလိမ့်မယ်
အဲတာကြောင့်သမီးဦးလှတန်နဲ့သွားတွေ့ပြီး အချိန်တွေကို
ဆွဲလိုက်တာဖေဖေ....ဦးလှတန်　　ကတော့
ဖေဖေတို့မေမေတို့ရှေ့မှာ လူကြီးစုံရာနဲ့ လာတောင်းရမ်းပြီးကြီးကြီးကျယ်ကျယ်နဲ့
လက်ထပ်ပေးချင် ရှာတာပါ....အဲဒီအတွက် သူ့ကိုသမီး

ကျေးဇူးတင်ပါတယ်ဖေဖေ....ဒါပေ မယ့် အဲဒီအစီအစဉ်က ဘယ်လိုမှ မဖြစ်နိုင်ဘူး....သမီးငြင်းပယ်လိုက်တယ်ဖေဖေ....သမီးအ
တွက်စိတ်မကောင်းမဖြစ်ပါနဲ့တော့ ဖေဖေရယ်....ဖေဖေ၊ မေမေ၊ ညီမလေးတို့အတွက်ကျေး ဇူးဆပ်ခွင့်ရတာကို သမီးကိုယ်ကို ကျေနပ်တယ်ဖေဖေ....အခုအသက်အရွယ်ထိ ဖေဖေနဲ့မေ မေတို့ရဲ့ ဆန္ဒကို သမီးကာယကံမြောက်မဆန့်ကျင်ခဲ့ဖူးဘူး ဖေဖေ....သမီးကို အမှားပါရင်
ခွင့်လွှတ်ပါ ”

မအုန်း ။ ။ “ ဒီသားအဖ အခုထက်ထိ မအိပ်ကြသေးဘဲကိုး....ကိုရွှေဖုန်းရေ ကျွန်မနိုပ်ပေးမယ်လေ....သ မီးလေးပင်ပန်းရောပေါ့ ”

ကိုဖုန်း ။ ။ “ ဟုတ်သားဘဲသမီး ဖေဖေသက်သာသွားပါပြီကွယ်....သမိးလေးပင်ပန်းလှပါပြီကွယ်....ကဲ
အိပ်တော့ အိပ်တော့ ”

ပုံ့ပုံ့ ။ ။ “ အကိုကြီး ”

လှတန် ။ ။ “ ဟာ....ပုံ့ပုံ့ အကိုကြီးဆီအပြီးအပိုင်လာခဲ့တာလား ”

ပုံ့ပုံ့ ။ ။ “ ဟုတ်တယ် ”

လှတန် ။ ။ “ စိန်အုန်း....ဒီမှာတံခါးလာဖွင့်....လာ လာ ပုံ့ပုံ့လာတယ်နော် ”

ပုံ့ပုံ့ ။ ။ “ ပုံ့ပုံ့ကိုယ့်စကားကိုယ် တာဝန်ယူရဲပါတယ် ”

လှတန် ။ ။ “ ဟုတ်ပါတယ် အဲဒီစိတ်ကိုသိလို့ ကိုကြီးဖုန်းဆီကတောင်းယူလိုက်တာ ခဏလေးနေအုန်း နော် ခဏလေး....ါကမီးခံသေတ္တာသော့....ဒီထဲမှာ လုပ်ငန်းခွဲရုံးခွန်စာချုပ်စာတမ်းတွေရှိ
တယ်....ချက်စာအုပ်ရှိတယ်....အင်း လောလောဆယ်ငွေသားအဖြစ်ဘဏ်က ထုတ်ထားတာ ဆယ်သိန်းလောက်ရှိတယ်....ဒါကမီးခံသေတ္တာ၊ ဒါကအိမ်ရဲ့ဝင်းတံခါးသော့နော်....ဒီကောင် ကအခန်းသော့၊ ဒါက အိပ်ရာဘေးကဘီဒိုထဲမှာ လက်စွပ်တွေ၊ ဆွဲကြိုးတွေ အဲဒါထည့်ထား
တဲ့သော့၊ အဲဒါကအခန်းဘေးကမီးခံသေတ္တာသော့၊ ဒါကအိပ်ခန်းသော့၊ ရော့ ဒါ အိမ်ရှေ့က မော်တော်ကားသော့ ဘာပေးရအုန်းမလဲ ဒီဘဝစာအပိုင်ပေးတယ်....ဒီနေ့ကစပြီးတော့ အကို
ကြီးကိုပုံ့ပုံ့ပိုင်သွားပြီ....ဒါ အကိုကြီးပိုင်ဆိုင်သမျှစည်းစိမ်အားလုံးပုံ့ပုံ့ကိုအပ်တယ်....ပုံ့ပုံ့
ဆန္ဒအတိုင်း၊ ပုံ့ပုံ့သဘော ကြိုက်သလိုနေ၊ ကြိုက်သလိုလုပ်၊ ကြိုက်သလိုစား၊ကြိုက်သလို စီမံနိုင်တယ် ”

ပုံ့ပုံ့ ။ ။ “ ပုံ့ပုံ့အတွက်ဒါတွေမလိုပါဘူး....အကိုကြီးဘဲ ပြန်ယူထားလိုက်ပါ ”

လှတန် ။ ။ “ ဟင် မဟုတ်ဘူး....မဟုတ်ဘူး ဘယ်ဟုတ်မလဲ အကိုကြီးကကို ကျေကျေနပ်နပ်နဲ့အပ်တာ

ယူနော်....တယောကနဲ့တယောက်အတူတူနေထိုင်ပေါင်းသင်းကြတော့မယ်ဆိုတော့
စိတ်တူ ကိုယ်တူ တယောက်နဲ့တယောက်
တိုင်တိုင်ပင်ပင်နဲ့နေသွားကြမယ်....အကိုကြီးက စီးပွား
ကိုတိုးအောင်ရှာမယ်....ပုံ့ပုံ့ကရှာလို့ရတာတွေကို ထိန်းသိမ်းပေးပါနော် ယူပါ ယူပါ ”
ကျား ။ ။ “ စိန်အုန်း....မင်းဆရာဘယ်သွားလို့လဲကွ....ခြံတံခါးကြီးလည်း
ပိတ်လို့ပါလား ”
စိန်အုန်း ။ ။ “ ခင်ဗျား မကြားသေးဘူးနဲ့ တူတယ်....ကျွန်တော့်ဆရာ
စွံပြီ....ပုံ့ပုံ့ဆိုတဲ့ကောင်မလေးနဲ့ တရားရုံးမှာ
အကျဉ်းရုံးလက်ထပ်လိုက်ပြီ....အဲတာကြောင့်လုပ်ငန်းအားလုံးကို တပတ်တိတိ
နားပြီးတော့ ဘယ်သူနဲ့မှ မတွေ့ဘူးဆိုပြီး ခြံတံခါးအားလုံးကို ပိတ်ခိုင်းထားတာဗျ ”
လှတန် ။ ။ “ စားလေပုံ့ပုံ့ ”
ပုံ့ပုံ့ ။ ။ “ မစားဘူး စားလည်းမစားချင်ဘူး ရင်တွေပြည့်နေတယ် ”

လှတန် ။ ။ “ အဲတာဝမ်းသာလုံးဆို့လို့ရင်တွေပြည့်နေတာဖြစ်မယ်....
အကိုကြီးတေနာ့မင်္ဂလာဆွေ့ခံပွဲကို နှစ်ယောက်ထဲ ကျင်းပနေတာ
အကိုကြီးသူငယ်ချင်းတွေ တယောက်မှ မခေါ်ဘူး ရော့စား ”
ပုံ့ပုံ့ ။ ။ “ နှစ်ယောက်ထဲစားမှာ ဟင်းတွေကအများကြီးဘဲ ”
လှတန် ။ ။ “ သြော်....စားစေချင်လို့ဥစ္စာကိုစား.... ဒါတောင်စားပွဲကမဆံ့လို့ စားစား
ဘာလဲမသိဘူး ကောင်းတယ်....ဟောဒါကအရွက်တွေစား အကုန်လုံးစား
ဝအောင်စား.... ပုံ့ပုံ့နေမကောင်း ဘူးလား ဘာဖြစ်နေလဲဟင် ”
ပုံ့ပုံ့ ။ ။ “ ကောင်းပါတယ်အကိုကြီး ”
လှတန် ။ ။ “ ဟုတ်လို့လား....ကြည့်ရတာတမျိုးကြီးဘဲ....စားသောက်ဆိုင်တုန်းကလည်း
ဘာမှဟုတ်တိ ပတ်တိမစားဘူး ဟင် ဘာဖြစ်တာလဲ ”
ပုံ့ပုံ့ ။ ။ “ ပုံ့ပုံ့မစားနိုင်လို့ပါ ”
လှတန် ။ ။ “ ပုံ့ပုံ့ အဲဒီလိုမလုပ်နဲ့ကွာ....အဲဒီလို
ပုံ့ပုံ့မျက်နှာကြီးညှိုးနေတာကိုကြီးကနေရတာဘယ်လို
ကြီးလည်းမသိဘူး....မနေတတ်ဘူး
ပျော်ပျော်လေးနေစမ်းပါလျှောက်သွားမလား....မန္တလေး၊ စစ်ကိုင်း၊ ပုဂံ၊
အင်းလေး၊ ငပလီသွားမလာ....နောက်ဗမာပြဘ်က ရိုးတယ်ဆိုရင် နိုင်ငံခြား
သွားချင်လား၊ ဗန်ကောက်သွားမလား၊ စင်္ကာပူသွားမလား၊ ဂျပန်သွားမလား၊
သွားချင်တဲ့နေ ရာပြော ”
ပုံ့ပုံ့ ။ ။ “ ပုံ့ပုံ့ဘယ်မှ မသွားချင်ဘူး.... အကိုကြီးနားမှာ
ပုံ့ပုံ့ရှိတာနဲ့အကိုကြီးဘဝမှာ မလုံလောက် သေးဘူးလား ”

လှတန်     ။     ။ “
လုံလောက်တယ်....အကိုကြီးအတွက်ပြောနေတာမဟုတ်ဘူး....ပုံ့ပုံ့အတွက်ပြောနေတာ....
ပုံ့ပုံ့ပျော်စေချင်တယ်....ပုံ့ပုံ့ကိုပျော်အောင်ထားနိုင်တဲ့ဂုဏ်ကို
အကိုကြီးကယူချင်တာ....ငါ့                    မိန်းမကို
ဘယ်လောက်ပျော်အောင်ထားတယ်ဆိုတာ သူငယ်ချင်းတွေကိုကြွားချင်တာ တခါ
ထဲမျက်နှာထားကြီးနဲ့ကို ကြွားချင်တာ ဟဲ....ဟဲ ”
ပုံ့ပုံ့     ။     ။ “ ပုံ့ပုံ့ကြွားတာမကြိုက်ဘူး....အားလည်းမပေးချင်ဘူး....ဒီမှာဘဲနေမယ် ”
လှတန်     ။     ။ “ ဒါဆိုရင် ဘယ်မှမသွားချင်ဘူးဆိုရင်
တကမ္ဘာလုံးမှာရှိတဲ့အပျော်တွေစုပြီးတော့ ပုံ့ပုံ့ကိုပေး                    မယ် ”
ပုံ့ပုံ့     ။     ။ “ ဟင် မေမေတို့ ငါ့ကို အမွေဖြတ်စွန့်လွှတ်လိုက်ပြီ ”
“ ဖေဖေ ”
သမီးရှိသေစွာစာရေးလိုက်ပါတယ်....အမွေဖြတ်သတင်းကို
ဖတ်လိုက်ရတော့ သမီး                    စိတ်ထိခိုက်ရတယ်....ဒါပေမယ့်
ဖေဖေရယ်....သမီးအပေါ်မှာမေမေစိတ်ဆိုးနေတုန်းမို့အမွေ
ဖြတ်ကြော်ငြာထည့်ပေမယ့်တနေ့ကျရင် သမီးအပေါ်မှာ စိတ်ပြေသွားမှာဘဲလို့
ယုံကြည်နေ                    တယ်....ဖေဖေ၊ မေမေနဲ့
ညီမလေးဖြူဖြူတို့နေကောင်းပါစေလို့သမီးနေ့တိုင်းဆုတောင်းပါ
တယ်....ဖေဖေလည်း စိတ်ချမ်းသာအောင် ကျန်းမာအောင်နေပါ....

ဖေဖေမေမေတို့ရဲ့

ချစ်သမီး

ပုံ့ပုံ့

မအုန်း     ။     ။ “ ဩော်....ဟိုကောင်မဆီကစာကို ဖအေကိုအလွမ်းသယ်ထားတာ
သယ်အုန်း....သယ်အုန်း ”
ကိုဖုန်း     ။     ။ “ ဟဲ့ မအုန်းမေ....မင်းဘာကြောင့် ငါ့သမီးဆီကစာကို ဆုတ်ဖြဲပစ်ရတာတုန်း
”
မအုန်း     ။     ။ “ ရှင်ဒီကောင်မကိုများ
သံယောဇဉ်တွယ်တုန်းလားဟင်....မိဘစကားနားမထောင်တဲ့ဟာကို
သံယောဇဉ်တွယ်စရာမလိုဘူး....မဘစိတ်ဆင်းရဲအောင်လုပ်တဲ့ကောင်မ....ဒုက္ခလှလှကြီး
တွေ့                    မှာကောင်းမယ်....တွေ့မှကောင်းမယ် ”
ကိုဖုန်း     ။     ။ “ တော်ပါတော့
မအုန်းမေရယ်....တော်ပါတော့တော်ပါတော့ကွာ....မင်းဘာမှမသိဘဲနဲ့အရမ်း
စွတ်မပြောနဲ့....သမီးကမင်းကို ဘာများကျေးဇူးကန်းဘူးလို့လဲ.... သူ့ခဗျာ
အိုမင်းမသိတာ                    တွေအများကြီးရှိပါသေးတယ် ”

မအုန်း ။ ။ “ မိဘကကောင်းစေချင်လို့ စီမံတာကိုကျတော့ မနာခံဘဲနဲ့ သူထင်ရာစိုင်းတဲ့သမီးကို ရှင် ဘာမှဆက်သွယ်နေစရာမလိုဘူး ”
ကိုဖုန်း ။ ။ “ မင်းသမီးကို အဆက်အသွယ်မလုပ်ချင်လို့အမွေဖြတ်ကြော်ငြာပြီးပြီဘဲ....တော်ရောပေါ့ကွာ
မင်းကျေနပ်လောက်ပါပြီ....ကျေနပ်လောက်ပါပြီ ”
“ မပုံ့ပုံ့ ”

ရှင်ဖေဖေ့ဆီရေးလိုက်တဲ့စာကြောင့်ဖေဖေနဲ့မေမေရန်ဖြစ်ကြတယ်....မေမေကရှင့်ကို အရမ်းစိတ်ဆိုးတာ....ကျွန်မလည်းရှင့်ကို အရမ်းစိတ်ဆိုးတာ....ရှင် ကျွန်မတို့နဲ့မပတ်သက် ပါနဲ့....ဖေဖေ့ဆီစာမရေးနဲ့....မေမေတွေ့ရင် ရန်ထပ်ဖြစ်ကြလိမ့်မယ်....ရှင့် ဟာရှင်နေချင် ရာမှာနေ အိမ်ကို ဒုက္ခမပေးနဲ့တော့....

ဒါဘဲ
ဖြူဖြူ

ပုံ့ပုံ့ ။ ။ “ အဟင့်....အဟင့်....အဟင့် ကိုကြီး ”
လှတန် ။ ။ “ ပုံ့ပုံ့မငိုပါနဲ့....ဒါညီမချင်းဘဲ....တယောက်နဲ့တယောက် ဟို စိတ်မတိုက်ဆိုင်တဲ့အခါကျ ဖြစ်မှာပေါ့....ပြဿနာမှ မဟုတ်တာ ”
ပုံ့ပုံ့ ။ ။ “ မဟုတ်ဘူးကိုကြီး....မေမေနဲ့ဖြူဖြူက ပုံ့ပုံ့ကို တကယ့်ကိုအနာကြီးနာသွားကြမှာ....သူတို့
အကြိမ်ကြိမ်တားတဲ့ကြားကနေ
အကိုကြီးနောက်ကိုပုံ့ပုံ့ကလိုက်လာခဲ့မိလို့လေ....သူတို့က
အကိုကြီးနဲ့ဖေဖေ့ကိစ္စကို ဘာမှမသိကြဘူး....ဖေဖေကလည်း ဘယ်သူ့ကိုမှမပြောရဲဘဲ တ ယောက်ထဲ ကြိတ်ခံစားနေရတယ် အကိုကြီး.... ပုံ့ပုံ့ကတော့ဖေဖေ့အတွက်ကျေးဇူးဆပ်ခွင့်ရ တဲ့အတွက် ကိုယ့်ကိုကိုယ် ကျေနပ်တယ် ”
လှတန် ။ ။ “ သာဓု....သာဓု....သာဓု ပုံ့ပုံ့မငိုနဲ့တော်ပါတော့....မငိုနဲ့ အကိုကြီးကနော်....ဟို အကိုကြီး
လိုချင်တာကိုရအောင်ယူခဲ့တဲ့နေရာမှာမှားတာလည်းရှိမယ်....မှန်တာလည်းရှိမယ်....တ ကယ် လို့များမှားတာရှိခဲ့ရင် ဒီအချိန်မှာဘဲ ပုံ့ပုံ့အကိုကြီးကို ဖြစ်တဲ့နည်းနဲ့ခွင့်လွှတ်လိုက်ပါနော် ပုံ့ပုံ့ငိုနေတာကို အကိုကြီးမကြည့်နိုင်ဘူး ”
ပုံ့ပုံ့ ။ ။ “ အကိုကြီး ”
လှတန် ။ ။ “ ဟင် ”
ပုံ့ပုံ့ ။ ။ “ ဖေဖေလက်မှတ်ထိုးထားတဲ့စာချုပ်ပြန်ပေးလေ ”

လှတန်   ။   ။ “ ပြန်ပေးမယ်....ပြန်ပေးမယ် အဲဒီစာချုပ်ရမှ
ပုံ့ပုံ့စိတ်ချမ်းသာမယ်ဆိုရင်စာချုပ်တင်မကဘူး   တခြားပုံ့ပုံ့လိုချင်တာရှိရင်
တောင်း....လိုချင်တာ အကုန်တောင်း....ပေးမယ်....ဒါပေမယ့်
စာချုပ်ရပြီးမှတော့နော် ”
ပုံ့ပုံ့   ။   ။ “ ကျွန်မဘဝမှာ အိမ်ထောင်တခါဘဲပြုမယ်လို့ ဆုံးဖြတ် ထားပြီးသား....
ဘယ်လိုအကြောင်း   ကြောင့်ဘဲဖြစ်ဖြစ် စိတ်ပါပါ မပါပါ အဲဒီအိမ်ထောင်ကို
အပြိုကွဲမခံနိုင်ဘူး စိတ်ချ ”
လှတန်   ။   ။ “ ဟာ....ရင်ထဲမှာအေးသွားတာဘဲ ”
ပုံ့ပုံ့   ။   ။ “ ဖေဖေ ”
ကိုဖုန်း   ။   ။ “ ဟင် သမီးပုံ့ပုံ့ ”
ပုံ့ပုံ့   ။   ။ “ ဟုတ်ပါတယ်ဖေဖေ....သမီးဖေဖေ့ကိုတွေ့ချင်လို့လာခဲ့တာပါ ”
ကိုဖုန်း   ။   ။ “ သမီးနေကောင်းတယ်နော် ”
ပုံ့ပုံ့   ။   ။ “ ကောင်းပါတယ်ဖေဖေ ”
ကိုဖုန်း   ။   ။ “ နေရထိုင်ရအဆင်ပြေရဲ့လား....မောင်လှတန်ကကော
သမီးကိုကြင်ကြင်နာနာရှိရဲ့လား ”
ပုံ့ပုံ့   ။   ။ “ အားလုံးအဆင်ပြေပါတယ်ဖေဖေ....အကိုကြီးကသမီးကို
ဂရုစိုက်ပါတယ်....ကြင်ကြင်နာ
နာလည်းရှိတယ်....အကိုကြီးအရင်လိုမဟုတ်တော့ဘူး....
အံ့သြလောက်အောင်ကိုပြောင်းလဲ
သွားတယ်....ဩော် ဖေဖေ စိတ်ချမ်းသာအောင်လို့ သမီးက လုပ်ကြံပြောနေတာ
မဟုတ်ဘူး   နော်....သူပြောင်းလဲသွားတာကို ဖေဖေမြင်ရင် သမီးလိုဘဲ
အရမ်းအံ့သြသွားမှာ ”
ကိုဖုန်း   ။   ။ “ မောင်လှတန်သတင်းကို
အခုလိုကြားရတာဖေဖေဝမ်းသာပါတယ်သမီး....သမီးလေးအပေါ်
မှာ ကြင်ကြင်နာနာဂရုတစိုက်ရှိတယ်ဆိုတာ
သိရလို့ဖေဖေပိုပြီးဝမ်းသာပါတယ်....အေးလေ
စိတ်ထားဖြူစင်တဲ့သမီးလေးကို နတ်ကောင်းစောင်မတာပေါ့ကွယ် ”
ပုံ့ပုံ့   ။   ။ “ ဖေဖေ....မေမေကသမီးကို အခုထက်ထိစိတ်ဆိုးနေတုန်းဘဲလားဖေဖေ ”
ကိုဖုန်း   ။   ။ “ သူကတော့သမီးကို
အချစ်ကြီးလို့အမျက်ကြီးဖြစ်နေတာပေါ့....အခုသမီးမေမေ အိမ်မှာမရှိ
ဘူး....အပြင်သွားကြတယ် ”
ပုံ့ပုံ့   ။   ။ “ သမီးသိပါတယ် ဖေဖေ....မေမေမရှိမှန်းသိလို့လည်း
သမီးလာရဲတာပေါ့....ဩော် သမီးဖေ   ဖေ့ဆီလာခဲ့တာ

တွေ့ချင်လွန်းလို့တင် မဟုတ်ဘူး....ဖေဖေစိတ်ချမ်းသာဘို့ပစ္စည်းတခုလာ
ပေးတာ ”
ကိုဖုန်း ။ ။ “ ဘာများလည်းသမီးရယ်....သမီးဆီကဖေဖေနောက်ထပ်ဘာမှ
မလိုခချင်တော့ပါဘူး ”
ပုံ့ပုံ့ ။ ။ “
မဟုတ်ဘူးဖေဖေ....အဲဒီအတွက်သမီးတို့စိတ်ဒုက္ခရောက်ခဲ့တဲ့ပစ္စည်းပါ....အဲတာ ဖေဖေကို
လာပေးတာ....တသက်လုံးဖေဖေ စိတ်အေးပါတော့နော် ”
ကိုဖုန်း ။ ။ “ ဟာ ဖေဖေ့သမီး....ဖေဖေ့သမီးကို မွေးရကျိုးနပ်ပါတယ် ”
ပုံ့ပုံ့ ။ ။ “ ဖေဖေရယ် ”
လှတန် ။ ။ “ ဟာ အကုန်လုံးကို စုံစုံညီညီရောက်နေတာကို....ဟုတ်တယ်ဗျာ
ဇနီးချောအလုပြင်တာ စောင့်နေလို့
နည်းနည်းနောက်ကြာသွားတယ်....ထိုင် ကျွန်တော့်ကိုမိန်းမယူဘို့အကြိမ်ကြိမ်
တိုက်တွန်းခဲ့တဲ့ ခင်ဗျားတို့ကို တမင်ခေါ်ပြီးတော့ ဂုဏ်ပြုဧည့်ခံတာ.... ဒါ
ကျွန်တော့်ဇနီး ချော ပုံ့ပုံ့တဲ့ နာမည်က....ဒါ အကိုကြီးရဲ့
သူငယ်ချင်းမိတ်ဆွေတွေ ”
ကျား ။ ။ “ ဟား....ဟား ဒီလိုပွဲမျိုးကို ခင်ဗျားအစောကြီးထဲက စီစဉ်ပေးရမှာ ”
ကျား ။ ။ “ ဒီလိုတိုက်တဲ့အရက်မျိုးမှ သောက်ရတာကောင်းတာ....ခင်ဗျားမိန်းမရ
ကံကောင်းတယ်ဗျာ ဇနီးကချောချောလှလှလေးရထားတော့
မော်နိုင်ကြွားနိုင်တာပေါ့ဗျာ ”
လှတန် ။ ။ “ ခင်ဗျားတို့စိတ်ကြိုက်မှီဝဲကြတော့....စိန်အုန်းလိုတာ လုပ်ပေးလိုက်အုံး ”
ကျား ။ ။ “ ဘယ်လိုလဲ ဦးလှတန်....ခင်ဗျားကမသောက်ဘူးလား ”
လှတန် ။ ။ “ ကျွန်တော် မသောက်တော့ဘူး....ခင်ဗျားတို့ဘဲ အဝသောက်ကြ
ပါဗျာ....အများကြီးရှိတယ် နော်....အားမနာနဲ့ ချသာချ ”
ကျား ။ ။ “ ခင်ဗျားဒီလိုလုပ်လို့ဘယ်ဖြစ်မလဲ....ခင်ဗျားပါသောက်မှဖြစ်မှာ ”
ကျား ။ ။ “ မောင်စိန်အုန်း....မင်းဆရာကို ထည့်ပေးလိုက် စမ်းပါကွာ.... လုပ်ပါ
ပျော်ပျော်ပါးပါးပေါ့ ကွ....မင်းဆရာထည့်ပေးပါလို့ပြောနေ ”
လှတန် ။ ။ “ ခင်ဗျားတို့ဘဲဝအောင်သောက် ”
ကျား ။ ။ “ ဒီလိုလုပ်လို့ဘယ်ရမလဲခင်ဗျာ....တသက်လုံးအရက်ခွက်ကိုင်ပြီး
မွေးလာသလားလို့ထင်ရ တဲ့လူက
အခုမှအရက်မသောက်တော့ဘူးဆိုတော့.... ”
ကျား ။ ။ “ ဟား....ဟား....ဟား ဘာလဲခင်ဗျားက လူ့ရှင်တော်လုပ်မလို့
ပျက်လုံးတွေလေ့ကျင့်နေတာ လား....ဟင်....ဇကေန္တ
ဒေါ်ပုံ့ပုံ့ရဲ့တားမြစ်ချက်ဘဲဖြစ်ရမယ် ”
ပုံ့ပုံ့ ။ ။ “ ကျွန်မသူ့ကို ဘာမှကန့်ကွက်ထားခြင်းမရှိပါဘူးရှင်....သူ့သဘောပါ ”

ကျား ။ ။
“ကဲ….ခင်ဗျားအမျိုးသမီးကမကန့်ကွက်ပါဘူးတဲ့….တခွက်တလေတော့မဖြစ်မနေကိုချရမယ် မချရင်တော့ ကျုပ်တို့နဲ့မိတ်ပျက်မယ်ရော့ ”
ကျား ။ ။ “ အေး ဒါမှ ဦးလှတန်…..ကဲ ချလိုက်အုံးနောက်တခွက် ဒီလိုအရက်မျိုးသောက်ရတာ ဂုဏ်ရှိ တယ် ”
ကျား ။ ။ “ ဟား….ဟား….ဟား ဦဒလှတန် ခင်ဗျားက ဒေါ်ပုံ့ပုံ့ကို ကြည့်လှချည်လား…. ဒီလောက် တောင်ဘဲကြောက်နေရသလား ဒေါ်ပုံ့ပုံ့ ”
ကျား ။ ။ “ ဘာတွေများလုပ်ထားလဲဗျာ…. ဒေါ်ပုံ့ပုံ့ရဲ့ သီအိုရီဟာ အောင်မြင်တယ်ဗျာ…. ကျုပ်တို့ဦး လှတန်ကြီးက ပြားပြားဝပ်လို့ နလန်မထူနိုင်တော့တာဗျာ….ဟား ဟား ဟား ”
ကျား ။ ။ “ ကြက်ကြီးလည်လိမ်ထားသလို ခွပ် ခွပ် ခွပ် ခွပ်နဲ့ ဟား ဟား ဟုတ်တယ် ဟုတ်တယ် ”
ပုံ့ပုံ့ ။ ။ “ ကျွန်မသူ့ကို ဘာမှလုပ်မထားပါဘူး….သူ့ဘာသာသူ မသောက်တာပါ ”
ကျား ။ ။ “ ကဲ….ခင်ဗျားဇနီးကခွင့်ပြုထားမှတော့ ကျုပ်တို့တွေနဲ့ပျော်ပျော်ရွှင်ရွှင်လွတ်လွတ်လပ်လပ်
သောက်စမ်းပါဗျာ ”
ကျား ။ ။ “ ဟုတ်ပါတယ် ဦးလှတန်ရာ….လုပ်လေ ”
လှတန် ။ ။ “ ချဗျာ….ထည့်ကွာ ထည့် ထည့် ထည့် ”
ကျား ။ ။ “ ဒါမှပေါ့ ဦးလှတန် ကြည့်လည်းလုပ်အုံးနော်….ခင်ဗျား ကျုပ်တို့ပြန်သွားမှ လင်မယားချင်း စကားများပြီး ထိပ်ပေါက်ခေါင်းကွဲ ဖြစ်ကုန်အုံးမယ်….ဟား ဟား ဟား ”
ကျား ။ ။ “ ဟုတ်ပါတယ်….ဟုတ်ပါတယ် ”
လှတန် ။ ။ “ ဘယ်သူမှမရှိတော့ဘူး သောက် သောက် ”
ကျား ။ ။ “ တော်ပြီဗျာ….ကျွန်တော်တို့ပြန်တော့မယ်….ကဲ သွားမယ်ဗျာ နောက်မှတွေ့မယ် ”
လှတန် ။ ။ “ ကျုပ်တော့ အရက်တွေကွဲတော့တာဘဲ….မိတ်ဆွေတွေရှေ့မှာ ကျုပ်တော့အရက်တွေအကုန် အစိတ်စိတ်အမွှာမွှာ ကွဲတော့တာဘဲ ”
ပုံ့ပုံ့ ။ ။ “ ပုံ့ပုံ့ ဘာလုပ်လို့လည်း အကိုကြီး ”
လှတန် ။ ။ “ လေးနက်တယ်…. ပညာတွေတတ်လွန်းတယ်… ဒါအရွယ်နဲ့မဆိုင်ဘူး…. မိန်းမဆိုတာရဲ့ ဘာလုပ်လို့လည်း ဆိုတော့ ဘာမှမလုပ်ဘူးပေါ့ ဟုတ်လား….ဘာမှမလုပ်တာက လုပ်သလို ဘဲထိရောက်တာ အရက်တွေကွဲကွဲ မိန်းမဆိုတာယောကျ်ားတွေအရက်ခွဲတဲ့ပညာသတ်သတ်

တတ်ထားတာရှိလား....သူ့ဟာသူမသောက်ချင်လို့မသောက်တာကျွန်မတားဆီးပိတ်ပင်ထား တာဘာမှမရှိပါဘူးတဲ့ ဟုတ်လားပုံ့ပုံ့ ”

ပုံ့ပုံ့ ။ ။ “ အကိုကြီးအရက်မသောက်ပါနဲ့လို့ ပုံ့ပုံ့ ဘယ်နှခါ တားဖြစ်ကန့်ကွက်ခဲ့လို့လဲ ”

လှတန် ။ ။ “ ဟား....ဟား.... တားမြစ်ပါ ကန့်ကွက်ပါ အဲတာကိုခံယူချင်တာ....မလုပ်ပါနဲ့ဆိုတာ နား ထောင်ချင်တာ.... ဒါချစ်တတ်လာတဲ့ ယောကျ်ားတွေစိတ်မှာဖြစ်တတ်လာတဲ့ခံစားမှု....ကျုပ် ဘာဖြစ်လို့ အရက်မသောက်တော့တာလည်း ပုံ့ပုံ့အာရုံစိုက်သင့်တယ်.... သတိထားသင့် တယ် ”

ပုံ့ပုံ့ ။ ။ “ အကိုကြီးစိတ်ထဲမှာ ဘာတွေရှိတယ်ဆိုတာ ပုံ့ပုံ့ကဘယ်လိုလုပ်သိနိုင်မှာလဲ ”

လှတန် ။ ။ “ ဟာ ကောင်းတယ် ထပ်မှန်၍ကောင်းသွားပြန်ပြီ.....ငါဟာ မင်းရဲ့အနီးဆုံးလူ ငါဟာ နင့် ယောကျ်ား နင့်လင်....ဒီကောင်ကြီးရင်ထဲမှာ ဘာတွေဖြစ်နေတယ် ဘာတွေရှိနေတယ်ဆိုတာ စိတ်မဝင်စားနိုင်ဘူးလား....စိတ်မဝင်စားချင်ဘူးလား....စကားပြောလည်း သူသူနဲ့ဘာလဲသူ ပုံ့ပုံ့ ဒီပဋိသန္ဓေတားဆေးတွေ မင်းစားနေတာလားဟင် ”

ပုံ့ပုံ့ ။ ။ “ ဟုတ်တယ်....ဒီကိစ္စအကိုကြီးပြောပြဖို့လိုလို့လား ”

လှတန် ။ ။ “ ဟာ....လိုတယ် လိုတယ် လင်နဲ့မယားကြားမှာ ဒီကိစ္စလောက်အရေးကြီးတာ ဘာရှိမလဲ ”

ပုံ့ပုံ့ ။ ။ “ အကိုကြီးအတွက်ဒီကိစ္စက အရေးကြီးလို့လား....အကိုကြီးဘဝမှာ အကိုကြီးလိုချင်တာရ အောင်ယူခဲ့တာဘဲမဟုတ်လား....အဲဒီအထဲမှာပုံ့ပုံ့တောင်ပါပါသေးတယ်....ကျေနပ်ပါ တော့”

လှတန် ။ ။ “ မင်းငါ့ကို အခုထက်ထိမယုံသေးဘူးလား....မယုံသေးဘူးလား....မင်းငါ့ကို စွန့်ခွာသွားဖို့ စိတ်ကူးနေသလားပုံ့ပုံ့....အဲဒီလိုတော့မလုပ်ပါနဲ့ကွာ...အဲဒီလိုတော့မလုပ်ပါနဲ့ ”

ပုံ့ပုံ့ ။ ။ “ ကျွန်မဘဝမှာ အိမ်ထောင်တခါဘဲပြုဖို့ဆုံးဖြတ်ထားတယ်....အဲဒီအိမ်ထောင်ကိုလည်း ဘယ်နည်းနဲ့မှ အပြိုကွဲမခံဘူးလို့ပြောပြီးပြီဘဲ....အဲတာကျွန်မခံယူချက်....ကျွန်မရဲ့ဆုံးဖြတ် ချက်....အဲဒီဆုံးဖြတ်ချက်ကို သေတဲ့အထိမပြင်နိုင်ဘူး ”

လှတန် ။ ။ “ ပုံ့ပုံ့ အဲဒီလိုဆုံးဖြတ်တယ်ဆိုရင်အခုတည်ဆောက်ထားတဲ့အိမ်ထောင်ကြီးကိုတည်မြဲအောင်

လုပ်ရမယ်....ဒါမှ လင်မယားဆိုတဲ့စကား အိမ်ထောင်စုဆိုတာတွေ
မိသားစုဆိုတာတွေ အဲဒီ စကားနဲ့ညီမှာပေါ့ ”
ပုံ့ပုံ့ ။ ။ “ ပုံ့ပုံ့ကလေးမယူချင်ဘူး ”
လှတန် ။ ။ “ ဘာ ”
ပုံ့ပုံ့ ။ ။ “ အကိုကြီးကိုယူတုန်းက
ကလေးရရပါစေမယ်ဆိုတဲ့ဝန်ခံချက်မပါဘူး....အိမ်ထောင်သာယာ ဘို့
မသာယာဘို့ ပုံ့ပုံ့ကတိမပေးခဲ့ဘူး....ပုံ့ပုံ့နဲ့မဆိုင်ဘူး ”
လှတန် ။ ။ “ မင်းဘာလို့ကလေးမယူချင်တာလဲ ဟင်
ဘာလို့ကလေးမလိုချင်တာလဲ...ငါလိုချင်တယ်....
မင်းနဲ့ငါနဲ့ရတဲ့ကလေး
ငါလိုချင်တယ်....မင်းဘာလို့မလိုချင်တာလဲ....လင်ယောကျ်ားအနေ
နဲ့အဲဒီစကားဟာထူးဆန်းတယ်....ငါ့ကိုရှင်းပြစမ်း....ရှင်းပြ ရှင်းပြ
မင်းဘာလို့မယူချင်တာ လဲ
ဒါမှမဟုတ်မင်းယူလို့မရဘူးလား....ဒါမှမဟုတ်နောက်ထပ်တယောက်ကိုမျှော်လင့်ချင်
လားဟင် ”
ပုံ့ပုံ့ ။ ။ “ ကျွန်မဟာမိကောင်းဖခင်သားသမီး....ဘာကြောင့်ဘဲအိမ်ထောင်ပြုရပြုရ
ကိုယ့်ယောကျ်ား
အပေါ်ဖောက်ပြန်တတ်တဲ့မိန်းမမဟုတ်ဘူး....စကားကိုဆင်ဆင်ခြင်ခြင်ပြောပါ ဦးလှတန်
”
လှတန် ။ ။ “ ဟာ မပြောဘူး....ငါဦးလှတန် ဦးလှတန်
ငါပြောချင်တာကိုပြောမယ်....ငါလိုချင်တာ မင်း နဲ့ငါနဲ့ရတဲ့သွေး
ငါလိုချင်တယ်....လှတန် ရှူးနေတာ လှတန်မျိုးဆက်သစ်မင်းငါ့ကိုမွေးပေး
မွေးပေးရမယ် ”
ပုံ့ပုံ့ ။ ။ “ ကျွန်မသားထုတ်စက်မဟုတ်ဘူး....အသဲတွေ နှလုံးတွေ
ခံစားချက်တွေနဲ့တည်ဆောက် ထားတဲ့လူ...ဦးလှတန် ကျွန်မရဲ့
တရားဝင်ယောကျ်ား....ဟုတ်တယ် ဒါပေမယ့်ကျွန်မရဲ့ ယုံ
ကြည်ချက်၊ ခံစားချက်တွေကို အပိုင်မပေးနိုင်ဘူး....အပိုင်မပေးနိုင်ဘူး အို
ရှင်းရှင်းဘဲပြော မယ်....ကျွန်မရင်မခုန်တဲ့ ဒီအိမ်ထောင်ရေးတွေ
မျိုးဆက်သစ်ဘယ်တော့မှ မပေးနိုင်ဘူး
မွေးမပေးနိုင်ဘူး....မပေးနိုင်ဘူး....မပေးနိုင်ဘူး ”
လှတန် ။ ။ “ ဟာ....အ ဟာ ဟင့် အဟင့် ပုံ့ပုံ့မင်းငါ့ကိုစိတ်ဆိုးလို့
ဒီစကားပြောလိုက်တာ ဟုတ်တယ် နော် ”
ပုံ့ပုံ့ ။ ။ “ မဟုတ်ဘူး တကယ်ပြောတာ ”
လှတန် ။ ။ “ အား ဟာ ဟာ တကယ်ပြောတာလား ”

ပုံ့ပုံ့ ။ ။ “ ဟုတ်တယ် ”
လှတန် ။ ။ “ အင်....ဖြန်း ”
ကျား ။ ။ “ ကဲ ကျွန်တော့်ကိုခွင့်ပြုပါအုံး ”
မအုန်း ။ ။ “ ကောင်းပါပြီ....ကောင်းပါပြီကွယ် နောက်တခါ အကြောင်းထူးရင် လာပြောအုံးနော် ”
မအုန်း ။ ။ “ ဟင် ကောင်းတယ် ကောင်းတယ် ကောင်မတော့ ဒုက္ခလှလှကြီးတွေ့နေပြီ....ဒင်းစေတနာ ဒင်း အကျိုးပေးတာဘဲ....ဟင် နောင်တနဲ့မျက်ရည်သုတ်ရပြီ....ဖြစ်တာတောင်နည်းသေး ”
ကိုဖုန်း ။ ။ “ ဘယ်သူဘာဖြစ်လို့လဲ ”
မအုန်း ။ ။ “ ဘယ်သူဘာဖြစ်ရမှာလဲ....ရှင့်သမီးရှင့် မိပုံ့ပေါ့ မိပုံ့လေ....သူ့ယောက်ျားလှတန်ကအရက်
မူးပြီးနိပ်စက်တယ်တဲ့....နည်းသေးတယ် ”
ကိုဖုန်း ။ ။ “ ဘာဖြစ်လို့ရိုက်တာတဲ့လဲ ”
မအုန်း ။ ။
“မသိဘူးရှင့်....ကလေးမယူလို့ဆိုလား....ကိုယ်ဝန်မဆောင်လို့ဆိုလားဘဲ....မပြောချင်ပါဘူး ကဲ....အဲဒါဘဲကြည့် အရက်သမားဆိုတာနိပ်စက်ချင်အကြောင်းမရှိအကြောင်းရှာနိပ်စက်တာ
ရှင့်သမီးကလေ ခံရတာနည်းသေး....မိဘစကားမှနားမထောင်ဘဲ....နောက်ဆိုရင်လေ ဦးလှ တန်က မူးမူးရူးရူးနဲ့ ရှင့်သမီးကို အသေသတ်ချင်သတ်အုံးမှာ ”
မအုန်း ။ ။ “ ကိုရွှေဖုန်း ကိုရွှေဖုန်း ဟဲ့....ဖြူဖြူ လာပါအုံး.... ကိုရွှေဖုန်းရယ် ကိုယ်ကျိုးနည်းပြီထင်ပါရဲ့ ဖြူဖြူ ”
မအုန်း ။ ။ “ ညည်းဘာလာလုပ်တာလဲ....ဒီအိမ်ရိပ်ကို ညည်းဘာလို့လာနင်းရတာတုန်း ဘယ်သူကခွင့် ပေးလို့ ဒီခြံထဲကို ဝင်လာရတာလဲ ”
ပုံ့ပုံ့ ။ ။ “ ဟို....ဖေဖေနေမကောင်းဘူးဆိုလို့ပါ....သမီးဖေဖေ့ကိုတွေ့ပါရစေ မေမေရယ်....ခဏလေး ဖြစ်ဖြစ်တွေ့ပါရစေမေမေရယ် ”
မအုန်း ။ ။ “
မတွေ့ရဘူး....မကြည့်ရဘူး....နင့်အဖေလည်းမဟုတ်ဘူး....နင့်ကိုအမွေဖြတ်ကြော်ငြာထား
ပြီးသား...သူ့သမီးမဟုတ်ဘူး....နင်နဲ့ဘာမှမဆိုင်တော့ဘူး....အခုထွက်သွား နင်အခုထွက် သွား သွား ”
ပုံ့ပုံ့ ။ ။ “
သမီးတောင်းပန်ပါတယ်မေမေရယ်....ဖေဖေနဲ့ခဏလေးတွေ့ပါရစေမေမေရယ် ”
မအုန်း ။ ။ “ မတွေ့ရဘူး....သွား သွား ”
ပုံ့ပုံ့ ။ ။ “ ညီမလေး....မမ ဖေဖေနဲ့တွေ့ပါရစေ ”
ဖြူဖြူ ။ ။ “ ဖြန်း ”

ပုံ့ပုံ့ ။ ။ “ ရက်စက်လိုက်တာ ညီမရယ် ”
မအုန်း ။ ။ “ ဟဲ့ မိပုံ့အခုထွက်သွား ငါ့ခြံထဲမှာ
လာပြီးအလွမ်းသည်မနေနဲ့....ညည်းဟာညည်းအိမ်ကျမှ
ငိုချင်ငို....ရယ်ချင်ရယ် သွား ငါရိုက်ရင် ဒီထက်ပိုပြီးနာသွားမယ်နော် ”
ပုံ့ပုံ့ ။ ။ “ ဖေဖေ့ကို ခဏလေးဖြစ်ဖြစ်ကြည့်ခွင့်ပေးပါမေမေရယ် ”
မအုန်း ။ ။ “ ကြည့်ခွင့်မပေးနိုင်ဘူးလို့ပြောနေ....အခုထွက်သွားစမ်း
သွား....သွား....သွား ”
ပုံ့ပုံ့ ။ ။ “ အဟင့် ဟီး....ဟီး ”
လှတန် ။ ။ “ ကိုကြီးဖုန်း မမျှော်လင့်ဘဲ ဆုံးသွားတာ
အကိုကြီးစိတ်မကောင်းပါဘူးကွာ....ပုံ့ပုံ့မငိုပါနဲ့
တိတ်တော့နော်....အကိုကြီးတို့
ပုံ့ပုံ့တို့လူသားတွေအားလုံးတနေ့ကျရင်သေကြမယ့်သူတွေ
ဘဲဟာ....အဲဒီလိုသဘောထားလိုက်ပါ ”
ပုံ့ပုံ့ ။ ။ “ မထားနိုင်ဘူး....မထားနိုင်ဘူး
ဖေဖေသေတာကိုအသုဘလိုက်မပို့နိုင်တဲ့ပုံ့ပုံ့အဖြစ်ကိုအကို
ကြီးစဉ်းစားကြည့်စမ်းပါအုံး....သူတို့ ပုံ့ပုံ့ကို
ဘယသူမှမခေါ်ကြတော့ဘူး....ဖေဖေပုံ့ပုံ့အ
တွက်စိတ်မချမ်းမသာဖြစ်ပြီးသေရတာ....ပုံ့ပုံ့သိပါတယ်ပုံ့ပုံ့စိတ်နဲ့ဖေဖေသေရတာ....ပုံ
့ပုံ့ သိတယ် ”
လှတန် ။ ။ “ ကိုကြီးဖုန်းမရှိတော့လည် းအကိုကြီးရှိတယ် ပုံ့ပုံ့....သူတို့ဘယ်သူမှ
မခေါ်ချင်နေ အကို ကြီးတယောက်လုံးရှိသေးတာဘဲ....မငိုနဲ့ မငိုနဲ့ ”
ပုံ့ပုံ့ ။ ။ “ အဟင့်....အဟင့် ”
လှတန် ။ ။ “ မငိုပါနဲ့တော့ဆို ပုံ့ပုံ့ ”
“ ပုံ့ပုံ့ ”

ပုံ့ပုံ့ရဲ့ဖေဖေကွယ်လွန်ကြောင်းသိရလို့
စိတ်မကောင်းခြင်းကြီးစွာဖြစ်ရပါတယ်.... ဝမ်နည်းကြေကွဲနေမယ့်
ပုံ့ပုံ့ရဲ့ခံစားမှုကို အတူး ကိုယ်ချင်းစာမိပါတယ်....လူဘဝကို မလွန်
ဆန်နိုင်တဲ့ဒုက္ခတွေကို လူသားတိုင်းကြုံတွေ့ကြရတာ
ဓမ္မတာပါဘဲ....ပုံ့ပုံ့ရယ်....ပုံ့ပုံ့မှာ ခံစားနေရတဲ့ သောကမီးတွေကို
မြန်မြန်ပြေငြိမ်းနိုင်အောင်တရားနဲ့သာဖြေပြီး ကိုယ့်စိတ်
ကိုယ်ဖြေနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်....ပုံ့ပုံ့စိတ်ချမ်းသာ
ကိုယ်ချမ်းသာရှိပါစေ။

ပုံ့ပုံ့စိတ်ချမ်းသာမှုကို

ထာဝစဉ်လိုလားနေတဲ့

အတူး

လှတန် ။ ။ " ပုံ့ပုံ့အကိုကြီးနဲ့ရနေတာ သူမသိဘူးလား "
ပုံ့ပုံ့ ။ ။ " သူသိမှာပါအကိုကြီး "
လှတန် ။ ။ " ဟေ သိရက်နဲ့သူ့စာထဲမှာ အကိုကြီးနာမည်တလုံးမှ မပါပါလား....မိန်းမဆီကို စာရေးရင် သူ့ယောကျာ်းကို အသိအမှတ်ပြုရတယ်ဆိုတာ ရိုးသားတဲ့လူ အကုန်သိတယ်....အခုတော့ မင်းစာအဆက်အသွယ် လုံးဝမလုပ်နဲ့တော့ ငါမကြိုက်ဘူး "
ပုံ့ပုံ့ ။ ။ " အတူးက ပုံ့ပုံ့ငယ်သူငယ်ချင်းဘဲ....ပုံ့ပုံ့ရေးချင်ရေးမှာပေါ့ "
လှတန် ။ ။ " မရေးနဲ့....မရေးရဘူး မင်းရေးခွင့်မရှိတော့ဘူး....မင်းငါ့မိန်းမဖြစ်သွားပြီ....မိန်းမဆိုတာ ယောကျာ်းမကြိုက်တာ ဘာမှမလုပ်ရဘူး....ငါမကြိုက်တာလုပ်လို့ကတော့လုံးဝခွင့်လွှတ်မှာ မဟုတ်ဘူးနော်....မင်းမရေးရဘူး "
ပုံ့ပုံ့ ။ ။ " ကမန်မဟာလူပါအကိုကြီး....ကြက်ကလေး၊ ငှက်ကလေးလှောင်ထားသလို မလှောင်ထား ချင်ပါနဲ့အကိုကြီးကို မထိခိုက်နိုင်တဲ့လွတ်လပ်မှုမျိုးကိုတော့ ပေးစေချင်ပါတယ် "
လှတန် ။ ။ " မြတ်စွာဘုရား....ဟာ လင်ရှိရက်နဲ့ ရည်းစားဟောင်းဆီအဆက်အသွယ်လုပ်တာကိုကျုပ်က နားလည်ခွင့်လွှတ်ပေးရမယ်.... အို အဲဒီလိုလုပ်တာ ဘယ်မှာတွေ့ဘူးလို့လဲ....ကျုပ်နှလုံး သားထိခိုက်မှုကျုပ်မကာကွယ်ရတော့ဘူးလား "
ပုံ့ပုံ့ ။ ။ " ကျွန်မကိုအထင်မလွဲနဲ့....အတူးကိုလည်းအထင်မသေးနဲ့.... ကျွန်မတို့ကလူငယ်တွေဖြစ် ပေမယ့်သစ္စာရှိကြတယ်....လူ့အသိုင်းအဝိုင်းကလက်မခံတဲ့အပြုအမူမျိုး ကျူးလွန်ဘို့ဘယ် တော့မှမကြိုးစားဘူး "
လှတန် ။ ။ " ဒါဖြင့်ကာမပိုင်လင်ယောကျာ်းဖြစ်ရက်နဲ့ကိုယ့်မိန်းမကိုယ့်မျက်စိအောက်မှာငယ်ချစ်ဟောင်း လေးနဲ့စာအဆက်အသွယ်လုပ်နေတာ ဒီမျက်စိကြီးကဘာလုပ်ထားရမှာလဲ....ဟင် ပိတ်ထား ရမှာလား....ဒီနားတွေကိုဘယ်လိုလုပ်ထားရမလဲ....မသိချင်ယောင်ဆောင်နေရမှာလားဟ င်... သဘောထားကြီးပေးရမယ်ပေါ့ ဟုတ်လား "
ပုံ့ပုံ့ ။ ။ " ကျွန်မတို့ကရိုးသားကြတယ် "

လှတန်	။	။ “ အဲဒီရိုးသားတာကို
ငါမယုံဘူးဒ....ငယ်ငယ်ထဲကအဲဒီရိုးသားမှုကြီးကိုခါးခါးသီးသီးကိုငြင်း
တာ....မယုံဘူး ရိုးသားမှုဆိုတာ ငါမယုံဘူး....ငါမယုံတာကို မင်းမလုပ်နဲ့....ဒါဘဲ ”
မအုန်း	။	။ “ သမီး ”
ပုံ့ပုံ့	။	။ “ ဟင်....မေမေ သမီးဆီလာတာလားဟင် ”
မအုန်း	။	။ “ မေမေ့ကိုခွင့်လွှတ်ပါသမီးရယ် ”
ပုံ့ပုံ့	။	။ “ ဘာကိုခွင့်ဘွတ်ရမှာလဲ မေမေ....ခွင့်မလွှတ်စရာမရှိပါဘူး ”
မအုန်း	။	။ “ မေမေသိပါတယ်သမီးရယ်....သမီးမောင်လှတန်ကို မယူချင်ဘဲ
ယူလိုက်ရတာ ”
ပုံ့ပုံ့	။	။ “ ပြီးတာတွေလည်းပြီးခဲ့ပါပြီ မေမေရယ်....အားလုံးကိုမေ့ပစ်လိုက်ပါတော့ ”
မအုန်း	။	။ “ မနေ့ညကမှ သမီးဖေဖေသိမ်းထားတဲ့ ဟို
စာချုပ်ကိုတွေ့ရတယ်....သမီးအတွက်မေမေရင်
နာတယ်ကွယ်....သမီးဖေဖေကိုတော့ မေမေခွင့်လွှတ်ပါတယ်....သမီးကခွင့်လွှတ်တယ်
ခွင့်မ	လွှတ်ဘူးဆိုတာဘဲ မေမေသိချင်တယ်ကွယ် ”
ပုံ့ပုံ့	။	။ “ သမီးမေမေနဲ့ညီမလေးကို စိတ်မဆိုးပါဘူး....သမီးကိုချစ်တဲ့စိတ်နဲ့
မေမေဂရုနာဒေါသဖြစ်	သွားရတယ်ဆိုတာ
သမီးနားလည်တယ်....သမိးဆီမေမေအခုလို လာတာဘဲ ဝမ်းသာလှပါပြီ
ညီမလေးကော နေကောင်းရဲ့လား ”
မအုန်း	။	။ “ နေကောင်းတယ်သမီးရဲ့ သမီးဆီမေမေလာတော့
သူသိပ်လိုက်ချင်နေတာ...သမီးကိုလည်း	လေ
အိမ်ပြန်လိုက်ခဲ့ဘို့မှာလိုက်တယ်....သမီးလေး ဒီမှာနေရထိုင်ရတာစိတ်ဆင်းရဲရင်မေမေ
တို့ဆီပြန်လာခဲ့နော် ”
ပုံ့ပုံ့	။	။ “ ဦးလှတန်က
သမီးကိုစိတ်ချမ်းသာအောင်ထားပါတယ်....ဘာမှလိုလေသေးမရှိဘူး....မေမေ
နဲ့ညီမလေး စိတ်ချမ်းသာအောင်နေကြပါ....ဟို သမီးနောက်မှလာလည်မယ်နော် ”
မအုန်း	။	။ “
နောက်မှမလုပ်ပါနဲ့သမီးရယ်....သမိးလေးအချိန်ရမယ်ဆိုရင်မေမေနဲ့တခါတည်းလိုက်ခဲ့ပါ
ဖြူဖြူကလေ သမီးကိုသိပ်တွေ့ချင်နေတာ....သမီးကိုတွေ့ရင်လည်း
သူအရမ်းပျော်သွားမှာ	သမီးရဲ့ ”
ပုံ့ပုံ့	။	။ “ ကိုစိန်အုန်း
ရေကိုစိန်အုန်း....အကိုကြီးလာရင်ပြောထားလိုက်ပါ....ပုံ့ပုံ့မေမေနဲ့လိုက်သွား
အုံးမယ်....တညအိပ်ရင်အိပ်မယ်လို့နော် ”
စိန်အုန်း	။	။ “ ဟုတ်ကဲ့....ဟုတ်ကဲ့ ”
ပုံ့ပုံ့	။	။ “ မေမေခဏလေးနော်....သမီးအဝတ်အစားသွားယူ လိုက်အုံးမယ် ”

မအုန်း ။ ။ " အေး....အေး "
မအုန်း ။ ။ " သမီးလေး မမပါလာတယ်လို့ဆို ဟော ဟော ကြည့် "
ပုံ့ပုံ့ ။ ။ " ညီမလေး "
မအုန်း ။ ။ " ကဲ ကဲ ညီအမနှစ်ယောက်အလွမ်းသည်ကြအုံး....မေမေကစားစရာ သောက်စရာ သွားလုပ် လိုက်အုံးမယ်နော် "
ပုံ့ပုံ့ ။ ။ " ဟုတ်ကဲ့ မေမေ "
မအုန်း ။ ။ " ကဲ နေကြ နေကြ "
" မမပုံ့ "

စိတ်ဆိုးနေလား.....ညီမလေးကိုခွင့်လွှတ်ပါ....ညီမလေးတောင်းပန်ပါတယ်....မမပုံ့

ပြန်လာတယ်နော်....ညီမလေးသိပ်ပျော်တယ်သိလား....ညကျရင်မမပုံ့နဲ့အတူအိပ်မယ်နော်... မမပုံ့အရင်လို ညီမလေးကိုပုံပြောသိပ်နော်....

မမပုံ့ကိုချစ်တဲ့
ညီမ
ဖြူဖြူ

ပုံ့ပုံ့ ။ ။ " မမပုံ့ခွင့်လွှတ်ပါတယ် ညီမရယ်....ညီမကို စိတ်မဆိုးပါဘူး....ညကျရင်ညီမနဲ့မအတူတူ အိပ်မယ် "
ပုံ့ပုံ့ ။ ။ " ညီမလေးက သိပ်တော်တာဘဲကွာ....ပစ်လိုက်တိုင်းစိုက်နေတာဘဲ...မမကတော့ဘယ်တော့ ပစ်ပစ်စိုက်မယ်မထင်ပါဘူး "
စိန်အုန်း ။ ။ " ဆရာက ခေါ်ခိုင်းလိုက်လို့ မပုံ့ပုံ့ "
ပုံ့ပုံ့ ။ ။ " အရေးကြီးလို့တဲ့လား "
စိန်အုန်း ။ ။ " အဲတာတော့ ကျွန်တော်လည်းမသိဘူးဗျ "
ပုံ့ပုံ့ ။ ။ " ဒါဆိုလည်း ခဏစောင့်အုံး "
လှတန် ။ ။ " ပြန်လိုက်လာတာဘဲ "
ပုံ့ပုံ့ ။ ။ " အကိုကြီးဆီပြန်မလာလို့ ပုံ့ပုံ့က ဘယ်မှာသွားနေရမှာလဲ "
လှတန် ။ ။ " မသိဘူးလေ....မခြေအနေတွေကပြောင်းလဲနေတယ်....သံယောဇဉ်တွယ်စရာဆိုလို့အနှောင် အဖွဲ့တွေကလည်း မရှိတော့ဘူး....မိသားစုဆိုတာကလည်းပြန်လည်သင့်မြတ်နေကြပြီ....ဟို ကောင်ကလည်းကျောင်းပိတ်လို့ ပြန်လာခါနီးပြီဆိုတော့ အခြေအနေတွေက အကိုကြီးကို ခြောက်လှန့်နေတယ်....စိုးရိမ်စရာတွေဖြစ်နေပြီ "

ပုံ့ပုံ့ ။ ။ “ အခု အကိုကြီးပြောလိုက်တဲ့စကားဟာ စောင့်ထိန်းတတ်တဲ့
မိန်းမတယောက်ရဲ့ကိုယ်ကျင့် သိက္ခာကို ထိခိုက်နစ်နာစေတယ် ”
လှတန် ။ ။ “ ဟင်....ဟုတ်လား ဆောရီး....ကိုယ့်ယောကျ်ားကို တလုံးမကျန်ပြောရဲတာ
ပြောနေတာ စောင့်ထိန်းခြင်းလို့
ခေါ်ပါသလား....ကိုယ့်ယောကျ်ားရဲ့အကြိုက်ကို ဘာတခုမှမလုပ်ပေး
တာ မိန်းမတယောက်ရဲ့ကိုယ်ကျင့်တရားလား ပြောပါအုံး....နားမလည်လို့ ”
ပုံ့ပုံ့ ။ ။ “ စကား ကောင်းကောင်း ပြောပါ....ကျွန်မ ရန်မဖြစ်ချင်ဘူး.... လင်နဲ့မယား
တယောက်နဲ့ တယောက် သံသယတွေရှိနေရင် နားလည်မှုတွေလွဲကြရင်
စိတ်မချမ်းမသာဖြစ်နေကြမှာဘဲ ”
လှတန် ။ ။ “ အဲဒီ သံသယဆိုတာလည်း ကျုပ်ကမုန်းတယ်....အကြောက်ဆုံးဘဲ
သံသယဆိုတာ ဘာဘဲ
လုပ်လုပ်ဘယ်နေရာဘဲဖြစ်ဖြစ်ဝင်လာပြီဆိုပျက်ရောအားလုံး....အဲဒီသံသယဆိုတာအလ
ကား နေလာတာ မဟုတ်ဘူး....ယုံမှားအောင်လုပ်မှ
ဖြစ်လာတတ်တာမျိုး....ကျုပ်သားသမီးလိုချင်
တယ်....ခလေးလိုချင်တယ်....ခင်ဗျားကမမွေးနိုင်အောင်တားတယ်....ရည်စားဟောင်းနဲ့
စာ အဆက်အသွယ်မလုပ်ပါနဲ့လို့
ကျုပ်ပြောတယ်....မင်းလေးကနားမထောင်ဘူး....ဒါတွေဟာ
ငါ့ဆန္ဒကို ဆန့်ကျင်တိုက်ခိုက်နေတာ မဟုတ်ဘူးလား....နားထဲမှာ မဆံ့ဘူး
ကြားနေတယ် မင်းနဲ့ဟိုကောင်အကြောင်း....ဒါတွေကို ကျုပ်သံသယ
မဖြစ်ရတော့ဘူးလား ဟင်....လှတန် ဆိုတဲ့ကောင်
သိပ်ချစ်တယ်ဆိုတာကိုလည်း သိပေးပါအုံး ”
ပုံ့ပုံ့ ။ ။ “ ပတ်ဝန်းကျင်ဆိုတာ ပြောကြမှာဘဲ....အရေးကြီးတာ
အကိုကြီးပုံ့ပုံ့ကိုယုံရင်ဘာသံသယမှ
ဖြစ်စရာမရှိဘူး....ပုံ့ပုံ့ဘက်ကလည်း အကိုကြီးဆန္ဒကို
တတ်နိုင်သမျှဖြည့်ဆည်းပေးနေတာ
ဘဲမဟုတ်လား....တကယ်ဆိုရင်အဖေအပေါ်မှာ အနိုင်ကျင့်ပြီး
ရအောင်ယူခဲ့တဲ့အကိုကြီးကို
ပုံ့ပုံ့အာဃာတနဲ့ဆက်ဆံသင့်တာပေါ့...အခုချိန်မှာ
အကိုကြီးလက်ထဲကစွန့်ခွာထွက်ပြေး သင့်တာပေါ့ ”
လှတန် ။ ။ “ ဟာပထမစကားတွေမှန်တယ်....နောက်ဆုံးစကားမင်းငါ့ကို
မပြောပါနဲ့....အခုချိန်မှာအကို
ကြီးကိုစွန့်ခွာပြီးထွက်ပြေးသင့်တာပေါ့ဆိုတဲ့စကားကိုငါ့ကိုမပြောပါနဲ့....ငါငါအဲတာ
တွကို

နားမထောင်ချင်ဘူး....မပြောပါနဲ့....တနေ့နေ့တချိန်ချိန်မှာမင်းပြောတော့မယ်ငါကြားရမယ်ဆိုတာ ငါသိတယ်....အခုမင်းပြောလိုက်ပြီလား ”

ပုံ့ပုံ့ ။ ။ “ အဲဒီအချိန်ရောက်ရင် အကိုကြီးဘာလုပ်နမယ်စိတ်ကူးထားဘဲ ”

လှတန် ။ ။ “ အား....အဲဒီအချိန်နီးကပ်လာပြီလား ”

ပုံ့ပုံ့ ။ ။ “ နီးတာ ဝေးတာထက် အဲဒီအချိန်ရောက်ရင်အကိုကြီး ဘာလုပ်မလဲဆိုတာ သိချင်လို့ပါ ”

လှတန် ။ ။ “ စောင့်ကြည့် ”

ကိုတူး ။ ။ “ ပုံ့ပုံ့ ”

ပုံ့ပုံ့ ။ ။ “ ကိုတူးပြန်ရောက်နေတယ် ဟုတ်လား ”

ကိုတူး ။ ။ “ ဟုတ်တယ်ပုံ့ပုံ့....ကိုတူနောက်တခေါက်ပြန်ရောက်လာရပြန်ပြီ....ဒီမြေကိုဘယ်တော့မှခြေမချတော့ဘူးလို့ကိုတူးပုံ့ပုံ့ကိုပြောခဲ့တယ်....ဒါပေမယ့်မေမေနေမကောင်းတဲ့အတွက် ဒီမြေကိုနောက်တခေါက် ခြေပြန်ချရတယ်.... ဒီမြေကိုရောက်ပြန်တော့လည်း ဒီနေရာလေးကို မလာဘဲ မနေနိုင်ဘူး ပုံ့ပုံ့ရယ် ”

ပုံ့ပုံ့ ။ ။ “ စာမေးပွဲအောင်ရဲ့လား....ဒီနှစ်ဆို ဆရာဝန်ဖြစ်ပြီနော် ”

ကိုတူး ။ ။ “ ဟုတ်တယ် ပုံ့ပုံ့....ကိုယ့်ရောဂါကိုယ်ပြန်ပြီးတော့ ကုနိုင်တဲ့ဆရာဝန်လေ ”

ပုံ့ပုံ့ ။ ။ “ အဲဒီလို မပြောပါနဲ့ကိုတူးရယ် ”

ကိုတူး ။ ။ “ သြော်....ဟုတ်သားဘဲ ဆောရီးနော် ”

ပုံ့ပုံ့ ။ ။ “ ကိုယ့်ကိုစိတ်ချမ်းသာအောင်နေပါ....ဘဝချင်းမပေါင်းဆုံနိုင်တဲ့ဘဝမှာ ကိုယ့်ဘဝအတွက် ကိုယ်ထူထောင်ပြီး စိတ်ချမ်းသာအောင်နေပါ ကိုတူးရယ် ”

ကိုတူး ။ ။ “ ပုံ့ပုံ့ရောစိတ်ချမ်းသာရဲ့လား....ကိုတူးမေးနေတာကို ပုံ့ပုံ့မဖြေနိုင်တော့ဘူးမဟုတ်လား.... အဲဒီတော့ ကိုတူးစိတ်ချမ်းသာအောင်နေဘို့ တိုက်တွန်းမနေပါနဲ့တော့....ပုံ့ပုံ့စိတ်ချမ်းသာအောင်နေရင် ကိုတူးစိတ်ချမ်းသာတယ် ”

ပုံ့ပုံ့ ။ ။ “ လူ့ဘဝဆိုတာ အရှည်ကြီးပါကိုတူးရယ်....ဖြစ်သမျှကိုယ့်ဘဝကိုယ်ဖြေသိမ့်နိုင်ရမှာပေါ့.... ဘဝမှာမေ့သင့်တာတွေမေ့ပစ်လိုက်တာသိက္ခာရှိပါတယ် ”

ကိုတူး ။ ။ “ ဟား....ဟား ဘယ်တော့မှမမေ့ဘူး....ဘယ်တော့မှလည်းမေ့ဘို့မကြိုးစားဘူး ပုံ့ပုံ့.... နောက်ဆုံးတွေ့ခဲ့တဲ့ညက ပုံ့ပုံ့ပြောခဲ့တဲ့စကားတွေ မေ့ရက်စရာကောရှိလို့လား.... မေ့ရ

မယ် ....ဟုတ်တယ် မေ့သင့်တယ်....ဒီစကားမျိုးတွေ
မပြောချင်ဘူး....မပြောရဲတာ ပိုမှန် မယ် ”
ပုံ့ပုံ့ ။ ။
“အဲဒီတုန်းကပုံ့ပုံ့စိတ်ကူယဉ်ပြီးပြောခဲ့တဲ့စကားတွေပါကိုတူးရယ်....ဘဝဆိုတာစိတ်ကူး
ယဉ် လို့ကောင်းတဲ့ အိပ်မက်ရှည်မှမဟုတ်ဘဲ ....ကိုတူးအိမ်ထောင်မပြုဘဲ
ပုံ့ပုံ့ဘဝဘာကြီးဘဲ ဖြစ်နေဖြစ်နေ ဦးလှတန်ကို
ဘယ်တော့မှမပြတ်စဲဘူး....ဒါ ပုံ့ပုံ့ရဲ့ဆုံးဖြတ်ချက်ဘဲ....အဟင့် အဟင့်
”
ကိုတူး ။ ။ “ ပုံ့ပုံ့ငိုနေတယ်....မငိုပါနဲ့ပုံ့ပုံ့ရယ်
ဆုံးရှုံးစွန့်လွှတ်ခဲ့ရတာတွေများလွန်းလို့ ကိုတူးရဲ့ရင်
ထဲမှာမခံနိုင်တော့ဘူး.... ကြေမွနေတဲ့ကိုတူးရဲ့နှလုံးသားဟာ ပုံ့ပုံ့ရဲ့မျက်ရည်တွေကို
ထပ် ကြည့်ဘို့အင်အားမရှိတော့လို့ပါ....မငိုနဲ့ ”
လှတန် ။ ။ “ အလွမ်းဇာတ်လမ်းတွေခင်းနေကြသလားပုံ့ပုံ့ ....ပုံ့ပုံ့ ဒါကြောင့်ငါ့ကို
စိတ်ဆင်းရဲအောင် အမျိုးမျိုးလုပ်နေနိုင်တာကို
ဟင်....လူ့အသိုင်းအဝိုင်းကလက်မခံတဲ့အပြုအမူမျိုး ကျွန်မတို့
ကဘယ်တော့မှ မကြိုးစားပါဘူး....ကျွန်မတို့ကရိုးသားကြပါတယ်....အခု ဒါ
ရိုးသားနေကြ တာလား ”
ကိုတူး ။ ။ “ ဒီလို
မပြောပါနဲ့ဦးလှတန်....ကျွန်တော်တို့ရိုးရိုးသားသားစကားပြောနေကြတာပါ....ကျေး
ဇူးပြုပြီးတော့ အထင်မလွဲပါနဲ့ ကျွန်တော်တောင်းပန်ပါတယ် ”
လှတနန် ။ ။ “ အထင်မလွဲဘူး....အထင်မလွဲဘူး
ကျုပ်မိန်းမမျက်နှာပေါ်မှာကျနေတဲ့မျက်ရာ်ခင်ဗျားသုတ် ပေးတာ
ဒီမျက်စိမကြည့်ရဲဘူး....ပုံ့ပုံ့ လှတန်ရဲ့သွေးကိုမွေးမပေးနိုင်ဘူးလို့ ခါးခါးသီးသီး
ငြင်းနေတာ ဒါကြောင့်ကိုး....ရှင်းပြီ ရှင်းပြီ....ရက်စက်လိုက်တာ
ပုံ့ပုံ့ရယ်....မင်းအသက် အရွယ်ကလေးနဲ့
ဒီလောက်အထိကြီးတဲ့ပစ်မှုကြီးကို ကျူးလွန်ရဲသလား ”
ကိုတူး ။ ။ “ ခင်ဗျားစကားတွေလွန်လာပြီနော်....ကျုပ်တို့သိက္ခာကို မစော်ကားနဲ့ ”
လှတန် ။ ။
“စိတ်ထဲရှိတာကိုပြောရရင်ပစ်စလက်ခတ်ဖြစ်သွားတော့မယ်....ဖယ်ပါမင်းတို့နှစ်ယောက်
အခု လိုနေနေတာ သိက္ခာရှိသလား.... သူကယောကျ်ားရှိတယ်....
ငါကသူ့ယောကျ်ား....ငါ သူ့ ယောကျ်ား လင်ယောကျ်ားရှိမှန်းသိရက်နဲ့
မင်းဒီလိုပြောင်ကြီးလုပ်တာ မင်းသိက္ခလား ”
ကိုတူး ။ ။ “ ကျွန်တော်ရှင်းပြပါ့မယ် ”
လှတန် ။ ။ “ မင်းအကြောင်း....”

ပုံ့ပုံ့ ။ ။ " အကိုကြီး "
လှတန် ။ ။ " ဖယ်စမ်းပါဖယ်....လာမကိုင်နဲ့ ငါ မကြိုက်ဘူး....ဖယ်စမ်း "
ပုံ့ပုံ့ ။ ။ " အကိုကြီး "
လှတန် ။ ။ " နင့်အကောင်ကို ထိုးမှာစိုးလို့ ဆွဲတာ ဖယ်....ဖြန်း "
ပုံ့ပုံ့ ။ ။ " ဟာ....အင် အဟင့် အဟင့် "
လှတန် ။ ။ " မင်းဘာလို့ပြန်လာတာလဲ....ငါ့ကိုထပ်နှိပ်စက်ဘို့ မင်းပြန်လာတာ ....ငါ့ကို ထပ်နှိပ်စက် ဘို့မဟုတ်လား....ငါ့အသားတွေ ငါ့အသွေးတွေ ငါ့အသိတရားတွေ စိတ်တွေကြမ္မစုတ်ပြတ် ကုန်ပြီ....ငါ့အသက် အသက်ကလေးဘဲ ငွေ့ငွေ့လေးကျန်တော့တယ်....အဲတာလေးတော့

မင်းချန်ထားပါ....မင်းကိုချစ်ဘို့ငါ့အသက်လေးတော့ချန်ထားပါ....မင်းကိုချစ်ဘို့ငါ့အသ က် ကလေးတော့ ရှင်ချင်တယ်ကွာ....မင်းငါ့ကို ငပေါကြီးလို့မင်းမထင်နဲ့နော်....ငါငပေါကြီးမ ဟုတ်ဘူး....မင်း ကိုဖုန်းအကြောင်းကို ခခယယကြီးတောင်းပန်တယ်....မင်းကြောင့် ငါလိမ္မာ

ချင်ယောင်ဆောင်နေတာ....ငါ့နလုံးသား ငါ့နလုံးသား ရိုင်းစိုင်းမှုတွေကိုငါထုတ်ထားတာ.... လှတန်ဆိုတဲ့ကောင်က ဘာအလုပ်မှ နာခံတာမဟုတ်ဘူး....ငါအသည်းနာအောင်မလုပ်နဲ့....

လုပ်ရင်လှတန်ကို အဆိပ်ကြီးကို မြင်လိမ့်မယ်....ပုံ့ပုံ့လှတန်အဆပ်ကြီး မင်းကိုငါမပြချင် ဘူးကွာ....မပြချင်ဘူး "
ပုံ့ပုံ့ ။ ။ " ကျွန်မရှင်းပြပါရစေအုံး "
လှတန် ။ ။ " ဟင် ရှင်းပြနယ်....ကဲ ကဲ ရှင်းရှင်း....နားထောင်မယ် "
ပုံ့ပုံ့ ။ ။ " ကျွန်မတို့က.... "
လှတန် ။ ။ "
ကျွန်မတို့ကရိုးသားကြပါတယ်....ရိုးသားမှုကိုကိုးကားပြီးတော့မပြပါနဲ့တော့....ငါအလွတ်

တောင်ရနေပြီ....ငါပြန်ရွတ်ပြမယ်....လူတကာခွင့်မလွတ်တဲ့အပြုအမူမျိုးကိုပြုလုပ်ဘို့ ကျွန် မတို့ ဘယ်တော့မှ မကြိုးစားပါဘူး ဟုတ်လား ....မပြောနဲ့ ငါအလွတ်တောင်ရနေပြီ.... မင်းကိုငါ သတ်ဘို့သေနတ်ကိုင်ရတဲ့အဖြစ်မျိုး မကြုံပါရစေနဲ့ကွာ....ငါပြောတာ မင်းသွား

တော့....သွား....သွား....သွား....အား ပုံ့ပုံ့ရယ် "
မအုန်း ။ ။ " သမီးဘာမှ
စိတ်မကောင်းဖြစ်စရာမလိုပါဘူး....မျက်ရည်ကျစရာလည်းမလိုပါဘူးသမီးရယ်

မျက်ရည်ကျတယ်ဆိုတာ ပျော့ညံ့တာ....အရှုံးပေးတာ....အခုသမီးလေး မေမေ့ရင်ခွင်ထဲပြန် ရောက်လာပြီဘဲ....ဘာမှ အားငယ်စရာ မလိုပါဘူးကွယ်....သမီးလေး ဘယ်လိုခံစားနေရ တယ်ဆိုတာ

မေမေသိပါတယ်....စိတ်မချမ်းသာတဲ့ဘဝကိုသမီးလေးဆက်မနေပါနဲ့....သမီး

ရယ်....သူနဲ့လည်း ကင်းကင်းရှင်းရှင်းဖြစ်အောင် တရားဝင်ကွာရှင်းလိုက်ပေါ့ ”

ပုံ့ပုံ့ ॥ ॥ “ မဖြစ်နိုင်ပါဘူးမေမေရယ်....သမီးထိုက်နဲ့သမီးကံဘဲ ရှိပါစေတော့ ”

မအုန်း ॥ ॥ “ အို....ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ....သမီးကသူ့ကို သံယောဇဉ်မရှိဘူးဆိုရင် ပြတ်ပြတ် တောက်တောက်သာ သူ့ကိုလုပ်ပစ်လိုက်ပါ....သူ အစထဲက သမီးကိုမတရားသဖြင့် အနိုင်

ကျင့်ပြီးယူထားတဲ့ယောကျ်ားဘဲ သမီးရဲ့ ”

ပုံ့ပုံ့ ॥ ॥ “ မဟုတ်သေးဘူးမေမေ....သွေးပူနေတုန်းမို့သမီး စိတ်လိုက်မာန်ပါ ဘာမှမလုပ်ချင်သေးဘူး မေမေ....သမီးစိတ်တွေရှုပ်ထွေးနေလို့ အေးအေးဆေးဆေးအနားယူချင်သေးတယ် ”

မအုန်း ॥ ॥ “ အေးအေး ကဲ–ကဲ ငါ့သမီးလေး နားပါကွယ်....နားပါ ”

မအုန်း ॥ ॥ “ ဖြူဖြူ မမကို စိတ်ချမ်းသာအောင်ထားပါနော် ”

လှတန် ॥ ॥ “ စိန်အုန်း....စိန်အုန်း ”

စိန်အုန်း ॥ ॥ “ လာပြီဆရာ ”

လှတန် ॥ ॥ “ အရက်တလုံးယူခဲ့ ”

စိန်အုန်း ॥ ॥ “ တော်ရောပေါ့ဆရာရယ်....မနက်ကတည်းက သောက်နေတာ လွန်ရောပေါ့ ”

လှတန် ॥ ॥ “ အချစ်လွန်တာလောက်တော့မဆိုးပါဘူး....သွား ယူ သွား အမူးလွန်တာလောက်တော့ မူး လဲ၊ ကွဲ ၊ ပြဲ ရုံပေါ့ကွာ....ကိစ္စမရှိပါဘူး....အချစ်လွန်တာကဆိုးတယ်ကွ....စိတ်ထဲမှာကော

ခေါင်းထဲမှာကော ကြေမွပျက်စီးဆုံးရှုံးနေတယ် ”

စိန်အုန်း ॥ ॥ “ ဆရာ ”

လှတန် ॥ ॥ “ ဘာလဲ ”

စိန်အုန်း ॥ ॥ “ ထမင်းစားဘို့ပြင်လိုက်မယ်နော် ”

လှတန် ॥ ॥ “ မစားဘူး....ငါစားရင်းရှင်းစရာရှိတယ်....လှတန်ဆိုတဲ့အကောင်က သူလိုချင်တာရအောင်ယူ တတ်တယ်....ဒါပေမယ့် ပုံ့ပုံ့ဆီက ယူလို့မရဘူးဖြစ်နေတယ်....ငါပေးတာလည်းသူကမယူ

ဘူး....ဒုတ်....ဒုတ်....ဒုတ် ဟား....ဟား....လှတန် အစစ်ကိုတွေ့ချင်တယ်နဲ့တူတယ် ”

မအုန်း ॥ ॥ “ သမီးရေ ”

ပုံ့ပုံ့ ॥ ॥ “ ရှင် ”

မအုန်း ॥ ॥ “ ဟို ထမင်းအိုးတည်ထားတယ်နော်....မေမေအပြင်ခဏသွားမလို့ ”

ပုံ့ပုံ့ ॥ ॥ “ ဘယ်ကိုသွားမလို့လည်းမေမေ ”

မအုန်း ॥ ॥ “ သြော်....အတူးတို့အိမ်လေ....အတူးအမေ နေမကောင်းဖြစ်နေတာ ကြာလှပြီ....အဲဒါသွား မေးမလို့....နောက်ညီမလေးက

အိမ်ပေါ်မှာအိပ်နေတယ်... အဲတာ သမီးထမင်းအိုးပြီးရင်
ဟင်းအိုးပါ ဆက်ပြီးတည်လိုက်တော့နော် ”

ပုံ့ပုံ့ ။ ။ “ ဟုတ် ”

မအုန်း ။ ။ “ မေမေသွားမယ် ”

လှတန် ။ ။ “ ပုံ့ပုံ့အား....ပုံ့ပုံ့ဘယ်မှာလဲ အား ”

သီချင်း ။ ငါ့နှလုံးသားဝတ်ရုံးလေးနဲ့ ဆီမီးခွက်အလှမပျက်ရလေအောင်
ကာဆီးခဲ့မိတဲ့ ငါ့အပြစ်ကြောင့် ပန်းပွင့်ကလေးနွမ်းခဲ့ရလေတယ်
ငါ့ရဲ့ ငါ့ပတ်ဝန်းကျင်မှာ ငါ့မြတ်နိုးမှုတွေဟာ ငါ့ရဲ့စေတနာထားမှုကြောင့်
လောကအလှပျက်ခဲ့ရလေတယ်....
ငါ့နှလုံးသားဝတ်ရုံးလေးနဲ့ ဆီမီးခွက်အလှမပျက်ရလေအောင်
ကာဆီးခဲ့မိတဲ့ ငါ့အပြစ်ကြောင့် ပန်းပွင့်ကလေးနွမ်းခဲ့ရလေတယ်
ငါ့ရဲ့ ငါ့ပတ်ဝန်းကျင်မှာ ငါ့မြတ်နိုးမှုတွေဟာ ငါ့ရဲ့စေတနာထားမှုကြောင့်
လောကအလှပျက်ခဲ့ရလေတယ်....
နောက်ဆုံးသီချင်းကို ဆိုပြီးရင် ဒို့နှစ်ယောက်လည်း ခွဲရလေမယ်
ချစ်ခဲ့ဘူးတဲ့အကြောင်းကိုတော့ အိပ်မက်အဖြစ်မက်ပါရစေကွာ
ပိုက်ထွေးခဲ့ ငါ့လက်နှစ်ဘက်ရယ်
လစ်လပ်သွားတဲ့အရှုံးသမား အသည်းကြား
ဘယ်သူကိုအစားထိုးရမလဲ ပြောပါကွာ....
ပြောခဲ့ပါကွာ....
ငါ့အနားကမသွားခင်မှာ
မယုံကြည်လှတဲ့အပြုံးကလေး မြင်ပါတယ်
သွားတော့အချစ်ရယ်....သွားပါကွယ်
နှုတ်မဆက်ဘဲနဲ့ သွားပါကွယ်....။

**“ ပေးဆပ်ခြင်းဖြင့် ချစ်တတ်ကြပါစေ ”**